# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 November 2022 ၁၀၉၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးကြည့်ရှုကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲ အခမ်းအနားကို အားပေးကြည့်ရှုစဉ်။



ကြေးမုံ

# ချစ်ကြည်ရင်းနှီးမှုဖြင့် လုံခြုံမှုတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများက နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေမှုများ တားဆီးနှိမ်နင်းရေး၊ နယ်မြေသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ၏ (၈)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့ရာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသဘောတူညီမှုများရရှိခဲ့သည်။ အစည်းအဝေးတွင် မြန်မာဘက်မှ အဆင့်မြင့်အရာရှိကြီး ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ အဆင့်မြင့်အရာရှိကြီး ၁၁ ဦးတို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး သဘောတူညီမှုရလဒ်များကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြကာ မီဒီယာများကို အသိပေးချပြခဲ့သည်။ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ရာတွင် အားနည်းချက်များကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလဒ်များနှင့်ပတ်သက်၍ ကြိုတင်မြော်တွေးသုံးသပ်ခဲ့ကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အချက် ၁၄ ချက်ကို သဘောတူညီခဲ့သည်။

နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအစည်းအဝေးတွင် အစဉ်အဆက်ဖြစ်ပေါ်ခဲ့သည့် နယ်ခြားပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းနိုင်ရန် ရလဒ်ကောင်းများကို ရယူနိုင်ခဲ့သည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တွင် အဓိကဖြစ်ပေါ်လေ့ရှိသည့် နယ်စပ်ဖြတ်ကျော်သွားလာမှုများနှင့် နှစ်နိုင်ငံနယ်နိမိတ်ကို တရားမဝင်ဖြတ်ကျော်သည့် ခိုးဝင်/ခိုးထွက်မှုများကို အကြောင်းခံ၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ၊ အကြမ်းဖက်အုပ်စုနှင့် ရာဇဝတ်ဂိုဏ်းများ၏ နိုင်ငံဖြတ်ကျော်ပြစ်မှုကျူးလွန်မှုများ မကြာခဏပေါ်ပေါက်လေ့ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းတို့ကို ကာကွယ်တိုက်ဖျက်ရန်အတွက် နယ်စပ်ဒေသလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်ခြင်းသည် နယ်စပ်ဒေသလုံခြုံရေးသာမက ဒေသတွင်းလုံခြုံမှုကိုပါ အထောက်အကူပြုနိုင်သည့်အပြင် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာလာမည်ဖြစ်သည်။

နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကုန်းမြေနှင့်မြစ်ကြောင်းအတွင်း ပူးတွဲကင်းလှည့်မှုများ ဆောင်ရွက်နိုင်သဖြင့် လုံခြုံစိတ်ချမှု ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ယခုကဲ့သို့ အစည်းအဝေးများကို နှစ်ဖက်သဘောတူညီခဲ့သည့်အတိုင်း တပ်ရင်းမှူးများအဆင့်၊ အဆင့်မြင့်အရာရှိကြီးများအဆင့်၊ ဒေသကွပ်ကဲမှုအဆင့် အစည်းအဝေးများကို လစဉ်၊ နှစ်စဉ်ကျင်းပနိုင်မည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နိုင်ငံပိုင်နက်နယ်မြေကိုအသုံးချ၍ အခြားနိုင်ငံအပေါ်ဆန့်ကျင်မည့် မည်သည့်အုပ်စုကိုမဆို ခွင့်ပြုသွားမည်မဟုတ်ဘဲ ရှာဖွေစုံစမ်း၊ ပိတ်ဆို့တားဆီးနှိမ်နင်းရန်နှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများအား ကြိုတင်တားဆီးကာကွယ်သွားမည့် ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားရှေးရှုသဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမည်ဖြစ်သည်။ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်နှောင့်ယှက်မှုများသည် မူးယစ်ဆေးဝါးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ခိုးဝင်မှုများကိုဖြစ်စေသဖြင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ထိရောက်စွာ အဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံယုံကြည်မှုကို တိုးမြှင့်နိုင်ရန်အတွက် အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများကို အခါအားလျော်စွာပြုလုပ်သွားရန် သဘောတူညီထားပြီးဖြစ်ရာ ယင်းတို့ကို ယခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လျက်ရှိပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ လုံခြုံစိတ်ချပြီးအေးချမ်းသာယာရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၌ လွတ်လပ်ရေးနှင့်အတူဖြစ်ပေါ်လာသော တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားအောင် ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နေသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများကို ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းရှိနှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအခြေအနေကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော နယ်စပ်ဒေသလုံခြုံရေးချိုးဖောက်မှုပြဿနာများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုသည် တည်ငြိမ်အေးချမ်းမှုအတွက် အထောက်အပံ့ကောင်းများဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် လုံခြုံစိတ်ချမှုရှိပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများကို အလေးအနက်ကြိုဆိုပါကြောင်း။ ။




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒပရိယတ္တိစာသင်တိုက်၊ ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သာသနဟိတပရိယတ္တိစာသင်တိုက်နှင့် သင်္ဃန်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ နန်းဦးကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရန်အောင်မြင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် **“(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်”** အဖြစ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ (၇၅) နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် မှန်မြတ်သောရည်ရွယ်ချက်များ အစရှိသည်တို့ကို ဖော်ညွှန်းရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများအား Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ပေးပို့လာသော စာမူများကို ပြိုင်ပွဲဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | **ဦးကျော်စွာလင်းနှင့်အဖွဲ့** |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို အားပေးကြည့်ရှုစဉ်။

## ☆ ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ်ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်းဖြစ်

☆ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဝန်ကြီးဌာနများနှင့် ရုံးဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြိုဆိုနှုတ်ဆက်**

ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကပွဲကျင်းပရာ လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပဒေသာကပွဲကို အစီအစဉ်အတိုင်း ကျင်းပရာ ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)၊ ဝိုင်း၊ တင်မောင်ဆန်းမင်းဝင်းတို့က တာဝန်ယူတင်ဆက်သည့် “လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်”၊ သဘင်အစည်းအရုံးမှ အနုပညာရှင်များကပြသည့် “သုံးပန်းချီသုံးပန်လှ (အပျိုတော်ကြီး)အက”၊ တေးသံရှင် ကေတုဝင်းထွဋ်က “ဂီတဗိမာန်” သီချင်း၊ တေးသံရှင် သန်းမြတ်စိုးက “လုလင်ငယ်သွေး” သီချင်း၊ တေးသံရှင် ရွှေထိုက်က “သီချင်းလေးအတိုင်း” သီချင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်များ စုပေါင်းသီဆို ဂုဏ်ပြုသည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုပဏာမတေးတစ်ပုဒ်ဖြစ်သော “စိန်ရတုတိုင်ခဲ့ပြီ” သီချင်း၊ တေးသံရှင် ထူးအယ်လင်းက “နေပါစေချစ်လို့နှင့် မင်းလေးနားလည်” သီချင်းများ၊ တေးသံရှင် ဇင်သူဇာထွန်းနှင့် ဇင်သူသူထွန်းတို့က “ဖွေးတုတ်” သီချင်း၊ တေးသံရှင် မင်းသားလေးက “တက္ကသိုလ်ကျောင်းသူတစ်ဦး” သီချင်းတို့ဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ကပြသီဆိုဖျော်ဖြေတင်ဆက်**

ထို့နောက် ဒါရိုက်တာကိုသက်မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ “ပြန်လည် ဆုံတွေ့ကြရာဝယ်” နှစ်သံတစ်ကိုယ် တင်ဆက်မှု၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက လူရွှင်တော် Talent ပြိုင်ပွဲ၊ တေးသံရှင် ပူစူးက “နင်စေရင်” သီချင်း၊ တေးသံရှင် ဝိုင်းလမင်းအောင်က “တောင်လှေကားမြို့တော်” သီချင်း၊ အမေများအဖွဲ့နှင့် မမများအဖွဲ့က ဖျော်ဖြေတင်ဆက်သည့် “ရွှေစွန်ညိုတေးသရုပ်ဖော်” ကပြဖျော်ဖြေမှု၊ တေးသံရှင်ထားက “သုံးရောင်ခြယ်” သီချင်း၊ တေးသံရှင် Lဆိုင်းဇီက “လာချင်လျှင်အနီးလေးနှင့် ဂုဏ်ယူအလွမ်း” သီချင်းများ၊ တေးသံရှင် ရွှေယမင်းဦးက “ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ” သီချင်း၊ ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ဖျော်ဖြေတင်ဆက်သည့် “ပျော်ရွှင်ခြင်းအိမ်” ပြဇာတ်၊ တေးသံရှင် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ဖျော်ဖြေတင်ဆက်သည့်“ကောင်းသောည”တေးဂီတ ဖျော်ဖြေမှု၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက်သည့် “မွန်ပြည်နယ်မှ စိုးသဘင် မင်းဗိုလ်ဇာတ်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု၊ ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)က တာဝန်ယူ တင်ဆက်သည့် “စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြု အနားသတ်အစီအစဉ်” တို့ဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ပေးအပ်ချီးမြှင့်**

၂၀၂၂ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့သည်။

**အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်းဖြစ်**

ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်းဖြစ်သည်။ အဆိုပါ ပဒေသာကပွဲတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အနုပညာရှင်များက လေးလေးနက်နက် စေတနာပါပါဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရပြီး ပဒေသာကပွဲကြီးကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




တေးသံရှင် မင်းသားလေးက တက္ကသိုလ်ကျောင်းသူတစ်ဦး သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်စဉ်။




မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လူရွှင်တော် Talent ပြိုင်ပွဲဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# ကုသရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်း မိတ်ဆုံနေ့လယ်စာစားပွဲကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်းများ၏ မိသားစု မိတ်ဆုံ နေ့လယ်စာ စားပွဲကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ကုသရေး ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

မိတ်ဆုံနေ့လယ်စာစားပွဲတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ မိတ်ဆုံစားပွဲများ ကျင်းပခြင်းဖြင့် ဝန်ထမ်းအချင်းချင်း ပိုမိုစည်းလုံး ကာရင်းနှီးကြမည်ဖြစ်ကြောင်း၊ အထက်အောက် ညီညွတ်မျှတသည့်အုပ်ချုပ်မှုစနစ်မှသည် ပိုမို နားလည်ချစ်ကြည်လာကာ လုပ်ငန်းများ ချောမွေ့ မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနသည် ပြည်သူလူထုအား ကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် ဌာနဖြစ်သည်နှင့်အညီ ဦးစီးဌာနများရှိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင် ရည်များ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေး မှူးချုပ်များ၊ ကုသရေးဦးစီးဌာန(ရုံးချုပ်)ရှိ ဝန်ထမ်း များ၊ တာဝန်ရှိသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်သည်။

အဆိုပါ မိတ်ဆုံစားပွဲတွင် ဝါသနာရှင်ဝန်ထမ်း များက တေးသီချင်း/အကများဖြင့် ပါဝင်ဆင်နွှဲကြကာ ဝန်ထမ်းများအတွက်လည်း ကံစမ်းမဲဖောက်ခြင်း၊ ပျော်ရွှင်စရာ ဂိမ်းကစားနည်းများဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားဧည့်သည်များသည် ခရီးစဉ်ဒေသများသို့ သွားလာမှုပုံစံမျိုးစုံဖြင့် လာရောက်ကြသောကြောင့် ဈေးကွက်၏သဘောသဘာဝကို သိရှိနားလည်ထားကြရန် လိုအပ်



**နေပြည်တော် နိုဝင်ဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ခရီးသွားအသင်းအဖွဲ့များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များ၏ ပရဝဏ်များနှင့် ပတ်ဝန်းကျင်ဧရိယာများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ မြေယာရှုခင်းများသန့်ရှင်းသာယာလှပရေး၊ ခရီးသွား ဧည့်သည်များအား ကောင်းမွန်သောဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးမှာကြားပြီး အမရာဟိုတယ်၌ ခရီးသွား အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဟိုတယ် အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နေပြည်တော် သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ များ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းကပင် ဟိုတယ်ဇုန်များသတ်မှတ် အကောင်အထည်ဖော်ထားရှိခဲ့ရာ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၉၉ လုံးနှင့် အခန်းပေါင်း ၆၀၀၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နည်းပညာရပ်များတိုးတက်ထွန်းကားလာသည်နှင့် အညီ ခရီးသွားဧည့်သည်များသည် ခရီးစဉ်ဒေသများ သို့ လာရောက်လည်ပတ်ရာတွင် သွားလာမှု ပုံစံမျိုးစုံဖြင့် လာရောက်ကြသောကြောင့် လုပ်ငန်း လုပ်ကိုင်သူများဘက်က ဈေးကွက်၏သဘော သဘာဝကို သိရှိနားလည်ထားကြရန် လိုအပ် ကြောင်း။

အလားတူ ရှိနှင့်ပြီးသော မိမိတို့၏ ခရီးသွား ထုတ်ကုန်များကိုလည်း တန်ဖိုးမြင့်ခရီးသွားထုတ် ကုန်များအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ကြရာတွင် ထုတ်ကုန်၏တန်ဖိုးကိုသာ မြှင့်တင်ခြင်းမျိုးမဟုတ်ဘဲ အရည်အသွေးကိုလည်း ဦးစားပေးမြှင့်တင်ခြင်းမျိုး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရကလည်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးအလေးထားပြီး ပြည်ပခရီးသွား ဧည့်သည်များ တိုးတက်ဝင်ရောက်လာစေရေး အတွက် နိုင်ငံတကာလေကြောင်းလိုင်းများ ပျံသန်း ပြေးဆွဲခွင့်ပြုခြင်းနှင့် ပြည်ဝင်ခွင့်ဗီဇာများ ခွင့်ပြု ပေးခြင်းတို့ကြောင့် ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လျက်ရှိကြောင်း၊ ထို့ပြင် ရုရှား ဈေးကွက်ဖွံ့ဖြိုးလာရန် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာအစီအစဉ်နှင့် ဧည့်စာရင်းတိုင် ကြားမှုစနစ်တို့ကို ထိထိရောက်ရောက် အသုံးပြုကြ ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် PARKROYAL ဟိုတယ်တွင် ဆောင်ရွက်ထားသော အော်ဂဲနစ်စိုက်ခင်းများနှင့် PARKROYAL ဟိုတယ် နှင့် Horizon Lake View ဟိုတယ်များရှိ နေရောင် ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြု ကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှု၍ ဟိုတယ်များအနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စနစ်တကျနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်ခရိုင်အတွင်းရှိ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၂၆**

ကျောက်ဆည်ခရိုင် အတွင်းရှိ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု ချီးမြှင့်ခြင်း၊ ဆရာ ဆရာမများအား ကျောင်းစိမ်းဝတ်စုံများ ပေးအပ်ချီးမြှင့် ခြင်း၊ အခြေခံပညာကျောင်းသား ကျောင်းသူများအား စက်ဘီးများပေးအပ် လှူဒါန်းခြင်း၊ MSMEလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ ခြင်း အခမ်းအနားကို ကျောက်ဆည်မြို့ တော်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပြုလုပ်ရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက် ရောက်ကြပြီး ကျောင်းသား ကျောင်းသူ များက အခမ်းအနားကို ထိုသုံးပါး ဂုဏ်ပြု သီချင်းသီဆို၍ ဖွင့်လှစ်သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၃၇၉၉ ဦးအတွက် ကျောင်းစိမ်းဝတ်စုံများ ကိုလည်းကောင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မြစ်သားမြို့နယ် အခြေခံပညာ ကျောင်းများမှ အလယ်တန်း၊ အထက် တန်း ကျောင်းသား ကျောင်းသူ ၂၇၀ အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် မိသားစုက ပေးအပ်လှူဒါန်းသည့် စက်ဘီး အစီးရေ၂၇၀ ကိုလည်းကောင်း၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၅ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ များကိုလည်းကောင်း၊ တက်ရောက်လာ သော ဆရာ ဆရာမ ၁၈၀ အတွက် ချီးမြှင့် ငွေကျပ် ကိုးသိန်း၊ ကပြသီဆိုဖျော်ဖြေကြ သည့် ကျောင်းသား ကျောင်းသူ ၅၂ ဦး အတွက် ချီးမြှင့်ငွေကျပ် ၂၆၀၀၀၀ တို့ကို လည်းကောင်းပေးအပ်သည်။ ဆက်လက် ၍ ကျောင်းသား ကျောင်းသူများ၏သီဆို တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး နောက် ကျောင်းသား ကျောင်းသူများ စက်ဘီးစီးထွက်ခွာမှုများကို အားပေး နှုတ်ဆက်ကြသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အတွင်း MSME လုပ်ငန်းရှင်များနှင့် လူမှု ရေးအသင်းအဖွဲ့များအား မွန်းလွဲပိုင်းတွင် တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ပြည် တွင်းအသင်းအဖွဲ့များနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းတားမြစ် ထားသည့် အချက်(၇) ချက်အား တိကျစွာ စောင့်ထိန်းလိုက်နာကာ ပြည်သူများ၏ လှူဒါန်းငွေများဖြင့် အကျိုးပြုလုပ်ငန်းများ တွင် အလေအလွင့်မရှိမှန်ကန်စွာသုံးစွဲရေး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံ တော်မှချမှတ်ထားသော စီးပွားရေးမူဝါဒ များကို သိရှိလိုက်နာပြီး မိမိတိုင်းမှနိုင်ငံ၊ မိမိနိုင်ငံမှပြည်ပဈေးကွက်အထိ စီးပွား ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် တင်ပို့နိုင်အောင် ရည်ရွယ်ထုတ်လုပ်ရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် အားလုံးဝိုင်းဝန်းပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တက်ရောက်လာသူများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ လူမှုရေး အသင်းအဖွဲ့ ၂၄ ဖွဲ့အတွက် ငွေကျပ် ၂၄ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများကို ထောက်ပံ့ပေးသွားမည်

**ပဲခူး နိုဝင်ဘာ ၂၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



**သွင်းအားစုများထောက်ပံ့ပေးနိုင်ရေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို အစုအဖွဲ့များဖွဲ့စည်း၍ တောင်သူစိတ်ကြိုက် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး မြေပြင်ကွင်းဆင်း၍ စနစ်တကျ စာရင်းကောက်ယူသွားရမည်ဖြစ်ပြီး တောင်သူများ လက်ဝယ်တိုက်ရိုက်ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသူကိုသာ ထောက်ပံ့ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း အပြည့်အဝကောက်ခံရရှိရေး အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့တာဝန်ရှိသူများက တောင်သူအစုအဖွဲ့များနှင့် သမဝါယမအစုအဖွဲ့များအတွက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရမည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ စိုက်ပျိုးရေရရှိရေးနည်းလမ်းများနှင့် အစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုများကိုလည်းကောင်း အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက်ဆောင်းပဲတီစိမ်းစိုက်ဧက၊ နွေစပါးစိုက်ပျိုးနိုင်ရေးလျာထားမှုနှင့် တောင်သူများ ထောက်ပံ့မှုရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် ဆောင်းပဲတီစိမ်းတစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ နွေစပါးတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် တောင်သူစိတ်ကြိုက်မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သီးနှံပေါ်ချိန်တွင် ကာလပေါက်စျေးအတိုင်း ဝန်ဆောင်ခတစ်ရာခိုင်နှုန်းနှင့်အတူ ပြန်လည်ပေးဆပ်သွားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေသောက်ဧရိယာများအတွင်း မြေလွတ်မြေလပ်မကျန် သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေကို တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး၊ ဒေသရှိစိုက်ပျိုးမြေများ၏ တစ်ကေချင်း ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် မြေဆီလွှာပျက်စီးမှုမရှိစေဘဲ တစ်နှစ် သုံးသီး သီးထပ်စိုက်ပျိုးနိုင်မည့် သီးနှံပုံစံများ ရေးဆွဲပေးခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းကူညီပေးခြင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခြေအနေပေးသည့် ဒေသများတွင်လည်း ရေမြေရာသီဥတုနှင့် ကိုက်ညီစွာ သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်စွမ်းအားတိုးတက်ရေး၊ ဈေးကွက်လိုအပ်ချက်ရှိနေပြီး တောင်သူအကျိုးအမြတ်ရှိစေမည့် တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ တောင်သူဦးဇော်ဝင်း၏လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၄)ထွန်စက်စခန်း မျိုးစေ့ချကိရိယာဖြင့် ဆောင်းသီးနှံနေကြာမျိုးစေ့ချလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေဆင်းဆည် လက်ယာတူးမြောင်း မိုင်နာ(၇)အုတ်ရိုးစီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာရှိ စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံသို့ရောက်ရှိကြပြီး ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေနှင့် စက်ကိရိယာများ ပြုပြင်ရန်လိုအပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးသုတေသနတွင် ဆောင်ရွက်လျက်ရှိသည့် ဆည်ရေသောက်ဒေသများအတွက် အကျိုးအမြတ်အများဆုံးရရှိစေမည့် တစ်နှစ်သုံးသီး သီးထပ်သီးနှံပုံစံ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးထားသည့် မတ်ပဲစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သုတေသနဖွံ့ဖြိုးရေးနှင့် လက်တွေ့အသုံးချသုတေသနရလဒ်များ တောင်သူလက်ဝယ်အရောက်အသုံးပြုနိုင်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းတပ်မြို့၌ တတိယအကြိမ် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မင်းတပ် နိုဝင်ဘာ ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့၌ ဒေသခံပြည်သူများ နေ့စဉ်လူမှုဘဝစားသောက်ရေးတွင် တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များကို လက်ရှိပေါက်ဈေး၏ ၂၀ ရာခိုင်နှုန်းလျှော့၍ ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရန် ယနေ့နံနက် ၈ နာရီခွဲတွင် စံပြရပ်ကွက်ရှိ မြို့မဈေးရှေ့၌ ရောင်းချပေးခဲ့သည်။



ဒေသနေပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန် ရောင်းချနေမှုများကို စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်မြတ်ထွန်းနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံစားသောက်ကုန်များဖြစ်သော ပစ္စည်း ၁၁ မျိုးနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးကြသည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၈၀၀၊ ပဲဆီ ၅၀ သားတစ်ဘူးလျှင် ငွေကျပ် ၃၅၀၀၊ ဆားတစ်ထုပ်လျှင် ငွေကျပ် ၄၀၀၊ ငါးပိတစ်ထုပ်လျှင် ငွေကျပ် ၈၀၀၊ ကြက်သွန်နီ ၅၀ သားလျှင် ငွေကျပ် ၂၄၀၀၊ ကြက်သွန်ဖြူ ၅၀ သားလျှင် ငွေကျပ် ၂၄၀၀၊ ကုလားပဲ ၅၀ သားလျှင် ငွေကျပ် ၃၂၅၀၊ ယမ်းယမ်းတစ်ပါကင်လျှင် ငွေကျပ် ၄၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၀၀၊ နွားနောက်သား ၅၀ သားလျှင် ငွေကျပ် ၆၀၀၀၊ ဝက်သား ၅၀ သားလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နိုဝင်ဘာ ၂၅ ရက်က ကျောင်းကြီးစုရပ်ကွက် ဘာသာပေါင်းစုံသုသာန်သွားလမ်း (ဝါးပြားလမ်းဆုံမှ အလက(၁၃) ကျောင်းဝင်းအဆုံးအထိ) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင်ပါဝင်သော လမ်းအရှေ့ဘက်ခြမ်းရေမြောင်းနှင့် ကားနင်းခံရေမြောင်းဖုံး ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

စိုးလင်း(တောင်ကြီး)

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

# မြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်

ကိုရွှေဦး

> **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးပင်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်ရေးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများပင် ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသောဆန္ဒမဲများအရ အချိုးကျပါဝင်ခွင့်ရရှိနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကို လာမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြောင်းလဲဆောင်ရွက်သင့်**


ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် ရွေးကောက်ပွဲတစ်ခု ကျင်းပရာ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန် သာတူညီမျှ ယှဉ်ပြိုင်နိုင်သော ပတ်ဝန်းကျင် အခြေအနေကောင်းကို ဖန်တီးပေးရန် လိုသည်။ ထိုအခါရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့် ကျင်းပမည်ဆိုသည်က အရေးပါသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ ယုံကြည်စိတ်ချရခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းတို့သည် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာပင် ဖြစ်သည်။ ဂုဏ်သိက္ခာရှိ၍ အများယုံကြည်အားထားရသည့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ လွှတ်တော်ရွေးကောက်ပွဲများသည် နိုင်ငံတစ်ခုအတွက် အရေးကြီးဆုံးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက် ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံများသည် ပိုမိုကောင်းမွန်ပြည့်စုံသည့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲ ကျင့်သုံးလာကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံ ၁၉၃ နိုင်ငံတွင်အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ၁၁၁ နိုင်ငံက ကျင့်သုံးပြီး ဗဟုစနစ်ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံနှင့် အခြားရွေးကောက်ပွဲစနစ် ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်တော်များများတွင် မဲများသူအနိုင်ရသည့် ရွေးကောက်ပွဲစနစ် Majority Vote တွင် အားနည်းချက်များ လေ့လာတွေ့ရှိရသည့်အတွက် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ပြောင်းလဲကျင့်သုံးလာခဲ့ကြသည်။

## အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)

အချိုးကျ ကိုယ်စားပြုစနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ် ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ဆန္ဒပြုထားသောမဲသည် ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် အလဟဿဖြစ်သော မဲအရေအတွက် နည်းပါးသွားမည် ဖြစ်ပါသည်။ မဲအလေအလွင့်ဖြစ်မှုလည်း ပိုမိုနည်းပါးလာမည် ဖြစ်ပါသည်။ ထိုစနစ်ကြောင့် ပါတီများကို ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ ပါတီငယ်များနှင့် လူနည်းစုများကိုလည်း ကိုယ်စားပြုနိုင်ခြင်းနှင့် အများစုပါဝင်သည့် အုပ်ချုပ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပဒေပြုအဖွဲ့များတွင်လည်း ပါတီများမှ ကိုယ်စားပြုမှုများ ပါဝင်လာမည်ဖြစ်သည်။

အချိုးကျကိုယ်စားပြုစနစ် များစွာရှိသည့်အနက် ထိုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသည့်ပုံစံကို ခွဲခြားကြည့်ပါလျှင် အဓိကပုံစံသုံးမျိုး ခွဲခြားနိုင်ပါသည်။ ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List PR System–LPR) ပါတီ၊ အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed– Member Proportional System–MMP) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote–STV)တို့ ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုပုံစံ သုံးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–




အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) အများအပြားရှိသည့်အနက် ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR) စနစ်တွင် စာရင်းပိတ် (Closed List)၊ စာရင်းဖွင့် (Open List ) နှင့် စာရင်းလွတ် (Free List) ဟူ၍ ပုံစံသုံးမျိုးရှိပါသည်။ စာရင်းပိတ် (Closed List) သည် ပါတီကို ဆန္ဒပြုရမည့်ပုံစံဖြစ်ပြီး ပါတီက ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ပြုစုပေးရပါသည်။ မဲဆန္ဒရှင်အနေဖြင့် ကိုယ်စားလှယ်ကို ရွေးချယ်ခွင့်မရှိဘဲ ပါတီကပြုစုသော ကိုယ်စားလှယ်အစီအစဉ်ကို လက်ခံရမည်ဖြစ်သည်။ စာရင်းဖွင့် (Open List) သည် ပါတီတစ်ခုတည်းကိုသာ ရွေးချယ်ခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းကိုပါ ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ပါတီမှ ရွေးချယ်ပေးထားသော ကိုယ်စားလှယ်လောင်းများကို ဦးစားပေး အစီအစဉ် တပ်ထားခြင်းမပြုဘဲ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်ရခြင်း ဖြစ်သည်။ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် လွယ်ကူရှင်းလင်းမှုအရ စာရင်းပိတ် (Closed List) နှင့် စာရင်းဖွင့် (Open List) စနစ် နှစ်မျိုးအနက်မှ ရွေးချယ်စဉ်းစား ဆောင်ရွက်သင့်ပါသည်။

## ပါတီအမည်ကိုမူတည်သည့် အချိုးကျကိုယ်စားပြုစနစ် (Party List PRs)

ပါတီအမည်ကို မူတည်ပြီး ရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုလျက်ရှိသည့် စနစ်သုံးမျိုးမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–





ယင်းအပြင် ပါတီနှင့်အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ (Mixed – Member Proportional System–MMP) အသုံးပြုသော နိုင်ငံများရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ပါတီအမည်ကို တစ်ကြိမ်နှင့် နှစ်သက်ရာကိုယ်စားလှယ်ကိုတစ်ကြိမ် ဆန္ဒမဲပေးသည့်ပုံစံ သို့တည်းမဟုတ် နိုင်သူအကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ တစ်မျိုးမျိုးကို အသုံးပြု၍ သတ်မှတ်အချိုးအစားအတိုင်း ကိုယ်စားလှယ်ရွေးချယ်သည့် စနစ်ပုံစံ ဖြစ်ပါသည်။ ယင်းအပြင် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ်ပုံစံ(Single Transferable Vote–STV)ကို အသုံးပြုသော နိုင်ငံများလည်းရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးရခြင်း ဖြစ်ပါသည်။ ပထမဦးစားပေး မဲဝေစုရရှိသည့် ကိုယ်စားလှယ်လောင်းသည် သတ်မှတ်မဲအရေအတွက် Threshold ထက်ပိုနေပါက ရွေးချယ်ခံရပြီး အဆိုပါ Threshold ထက်ပိုသောမဲများကို မိမိနှစ်သက်သည့် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်သော စနစ်ပုံစံဖြစ်ပါသည်။ အဆိုပါ MMP နှင့် STV ပုံစံနှစ်မျိုးသည် မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပြည့်ဝမှုရှိမှသာ အသုံးပြုရန် သင့်လျော်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှုအခြေအနေအရ ရှင်းလင်းလွယ်ကူသည့် ပါတီကိုသာ ရွေးချယ်ရသည့် စာရင်းပိတ် (Closed List) စနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

## မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးသင့်သည့် အချိုးကျကိုယ်စားပြုစနစ်(PRs)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံရေးပါတီများနှင့် လေးကြိမ်တွေ့ဆုံ၍ ရွေးကောက်ပွဲစနစ်များကို ပြန်လည်လေ့လာသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ပြောင်းလဲကျင့်သုံးသင့်ကြောင်း သဘောတူတင်ပြခဲ့ကြပြီးနောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့အလိုက် အသေးစိတ်ထပ်မံဆွေးနွေးခဲ့ကြပြီး မဲအများဆုံးရသူ အနိုင်ရသည့် (FPTP) စနစ်မှ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်(PRs)သို့ ပြောင်းလဲကျင့်သုံးရာတွင် Closed List PR ကို ကျင့်သုံးသင့်ကြောင်း နိုင်ငံရေးပါတီများက ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီသော Closed List စနစ်ကို ကျင့်သုံးမည်ဆိုပါလျှင် (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများ) မဲလက်မှတ် နမူနာပုံစံ(၁)အတိုင်း ဖြစ်၍ မဲပေးရာတွင် ရှင်းလင်းလွယ်ကူပါမည်။

Closed list System ကို ကျင့်သုံးမည်ဆိုပါက ပါတီအလိုက် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ကော်မရှင်သို့ တင်ပြထားရမည်။ ပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ ရုပ်ပုံများကို ဗီနိုင်းပိုစတာများဖြင့် မဲဆန္ဒနယ်မြေအတွင်း ဥပဒေများနှင့်အညီ ကပ်ထားနိုင်သည်။ **စာမျက်နှာ ၇ သို့** ❑

❑ စာမျက်နှာ ၆ မှ



အချိုးကျကိုယ်စားပြု (Closed List) စနစ်အတွက် မဲလက်မှတ် နမူနာပုံစံ(၁)

**Party List PR (Closed List) အရ ပါတီများမှ ကြိုတင်တင်ပြထားသည့် ကိုယ်စားလှယ် ဦးစားပေးအစီအစဉ်အတိုင်း Threshold အရ ရရှိမည့် ကိုယ်စားလှယ် အရေအတွက် သတ်မှတ်ခြင်း အကြံပြုချက်နမူနာ (ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စု နယ်မြေ)**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပြည်ထောင်စုနယ်မြေ ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်(နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

**ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်အနည်းဆုံးရရှိရမည့် ခိုင်လုံမဲတွက်ခြင်း ( Threshold )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{\text{ခိုင်လုံမဲစုစုပေါင်း}}{\text{ကိုယ်စားလှယ်အရေအတွက် + ၁}} + ၁$$

**တွက်ချက်မှုဇယား**

**List PR ( Closed List )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{၉၀၀,၀၀၀}{၈ + ၁} + ၁ = ၁၀၀,၀၀၁$$

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမ ရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်းကျန် မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A) ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | - | ၃ |
| (B) ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C) ပါတီ | ၆၀,၀၀၀ | - | ၆၀,၀၀၀ | - | - |
| (D) ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | - | ၂ |
| တစ်သီးပုဂ္ဂလ | ၁၀၀,၀၀၀ | - | ၁၀၀,၀၀၀ | ၁ | ၁ |
| စုစုပေါင်း | ၉၀၀,၀၀၀ | ၆ | | ၂ | ၈ |

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပြည်ထောင်စုနယ်မြေ ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်(နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

ပါတီအလိုက် အောက်ပါကိုယ်စားလှယ်များ ရွေးကောက်ခံရပါသည်-

(A)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၃) ဦး- ဦးအေး၊ ဦးအောင်၊ ဦးမောင်
(B)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး- ဦးတင်၊ ဦးမှန်
(D)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး- ဦးမျိုး၊ ဦးတိုး
တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်
(၁)ဦး- ဦးဘ

PR စနစ်ကို ပြောင်းလဲကျင့်သုံးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိရန် လိုအပ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ရမည့် တာဝန်များပင်ဖြစ်သည်။ ထို့ပြင် ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲစနစ်များ ရွေးချယ်သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ရွေးကောက်ပွဲကော်မရှင်ကို အာဏာအပ်နှင်းထားပြီး ဖြစ်ရာ အချိုးကျကိုယ်စားပြုစနစ် (PRs) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းကို ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့် အညီ ဆောင်ရွက်ပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၁၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၅၃၊ ပုဒ်မ ၁၆၉၊ ပုဒ်မ ၁၇၀ စသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများ ပြောင်းလဲမှုမရှိဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ (က)အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ ပုဒ်မ ၃၆၉ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ အောက်ဖော်ပြပါ အရည်အချင်း တစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသားများ ဖြစ်ကြသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုသည့် နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ

ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းနှင့် ညီညွတ်မှုမရှိသူများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ပါ။ အချိုးကျကိုယ်စားပြု (Closed List) စနစ်ကြောင့် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသည့် ဆန္ဒမဲများအရ အချိုးအစားအလိုက်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရသည့် FPTP စနစ်ဖြင့် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း၏ထောက်ခံမဲ ၅၆ ဒသမ ၇ ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း၏ထောက်ခံမဲ ၅၇ ဒသမ ၂ ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၉ ရာခိုင်နှုန်းရရှိခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၀ ကျော်အနက် ၂၃ ပါတီသာ လွှတ်တော်တွင် နေရာရရှိခဲ့ပြီး လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးမှုများ ဖြစ်ခဲ့ရသည်။ ထိုအခါ လုပ်သင့်လုပ်ထိုက်သော ဥပဒေပြုခြင်း၊ ဥပဒေများ ပြင်ဆင်ခြင်းနှင့် နိုင်ငံ့အကျိုးရှေးရှုသော အဆိုများတင်သွင်းခြင်းတို့တွင် မိမိတို့ပါတီ အသာစီးရလိုမှုများကြောင့် လွှတ်တော်များအတွင်း ပွတ်တိုက်မှုများစွာ ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများ နစ်နာခဲ့ရသည်မှာ ငြင်းဆိုမရသည့် အကြောင်းတရားများဖြစ်ရာ သင်ခန်းစာယူရမည် ဖြစ်ပါသည်။

မည်သည့် ရွေးကောက်ပွဲစနစ်မျိုးတွင်မဆို ကျင့်သုံးဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များရှိကြစမြဲပင်ဖြစ်ပါသည်။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါပင်ဖြစ်ပါသည်။ တစ်မဲသာအနိုင်ရသည့် ရွေးကောက်ပွဲစနစ် (FPTP)ကြောင့် တစ်ပါတီအာဏာကြီးစိုးသည့် လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ အုပ်ချုပ်မှုနှင့် ဥပဒေပြုရေးကဏ္ဍများတွင် တစ်ပါတီ အာဏာရှင်ကဲ့သို့ ဖြစ်ပေါ်ခဲ့ရခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများ မဟုတ်ခဲ့ပေ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးပင်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်ရေးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများပင် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွှတ်တော်သုံးရပ်လုံးတွင် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲဆောင်ရွက်သင့်ကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ဖြစ်ပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရလည်း ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသောဆန္ဒမဲများအရ အချိုးကျပါဝင်ခွင့်ရရှိနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကို လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြောင်းလဲဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး”

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# အမျိုးသမီးများအခွင့်အရေးအပြည့်အဝရရှိစေရေးနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိ

**ထားဝယ် နိုဝင်ဘာ ၂၆**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေးဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ကြိုးစားဆောင်ရွက်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး အမျိုးသမီးကော်မတီအနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကနေ ချမှတ်ထားသော မူဝါဒ (၄) ရပ်၊ လုပ်ငန်းတာဝန် (၁၂) ရပ်နှင့်အညီ အမျိုးသမီးများ အခွင့်အရေးအပြည့်အဝရရှိစေရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ ကိုလည်း ကျား၊ မ ရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် ထားဝယ်မြို့တွင် One Stop Women Support Center (OSWSC) တစ်ခုကို ဖွင့်လှစ်နိုင်ရေး အတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက်အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဗီဒီယိုကိုလည်းကောင်း၊ ထားဝယ်မြို့ မူလတန်းကြိုကျောင်းမှ ဝန်ထမ်းများက “မင်္ဂလာပါသီချင်း”နှင့် သရက်ချောင်းမြို့ မူလတန်းကြိုကျောင်း ဝန်ထမ်းများက “ရဟယ်ရှင်သီချင်း” တို့ဖြင့် ဖျော်ဖြေတင်ဆက်နေမှုကိုလည်းကောင်း အခမ်းအနားတက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက လုပ်ငန်းခုနစ်ခုတို့ဖြင့် အလုပ်အကိုင် ၂၈၈၅ ဦး ဖန်တီးပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုတို့ကို အတည်ပြုပေးခဲ့ပြီး လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည်၊ ခြေအိတ်၊ ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၊ Manufacture of Structural Metal Products (Such as Steel Structure, Color Steel Tile) လုပ်ငန်းတို့ဖြစ်သည်။

**ဖန်တီးပေး**

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၁၆၃၃ ဒသမ ၄၀၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၄၈ သန်းဖြစ်ပြီး စုစုပေါင်း လုပ်ငန်းခုနစ်ခုတို့မှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၂၈၈၅ ဦးအတွက် ဖန်တီးပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တွေမြို့ ကန်တော်ကြီး၌ ရေသိုလှောင်ထားမှုနှင့် ရေဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့သို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီး၌ ရေသိုလှောင်ထားမှု၊ ရေဖြန့်ဝေပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီးသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက ရေသိုလှောင်ထားမှု အခြေအနေ၊ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေ၊ ကန်တော်ငယ်မှ ရေဖြည့်တင်းဖြန့်ဝေပေးနေမှုနှင့် နွေရာသီတွင် ရေဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက နွေရာသီ ရေအခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကချင်ပြည်နယ်တွင် တစ်နှစ်တာအတွင်း ဦးစွာရရှိသည့် ကောက်ဦးစပါးဖြင့် ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ



ဆုံးထွက်ရှိသည့် စပါးကို ကြိတ်ခွဲကာ ဦးစွာရရှိသည့် ဆန်/ ကောက်သစ်ကို နေ့လယ်စာအဖြစ် အတူတကွ ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

မြစ်ကြီးနား နိုဝင်ဘာ ၂၆

ကချင်ပြည်နယ်တွင် တစ်နှစ်တာအတွင်း တောင်သူတို့၏လယ်ယာမှ ဦးစွာရရှိသည့် ကောက်ဦးစပါးပေါ်ချိန် N'lung(shat) N'nan Sha Poi (အင်လုံအင်နန်ရှားပွဲ) ဟု ခေါ်ဆိုသည့် ရိုးရာကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲတော်ကို ယမန်နေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**အတူတကွသုံးဆောင်**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ရိုးရာပွဲတော်များစွာရှိသည့်အနက် ယခုလိုစပါးရိတ်သိမ်းပြီးချိန်တွင် ဦးဦးဖျားဖျားရရှိသည့် ကောက်ဦးကောက်သစ်ကို ယခုကဲ့သို့ ဒေသတွင်း တိုင်းရင်းသားပြည်သူများ၊ တောင်သူများနှင့် အတူတကွ စုပေါင်း၍ ကျေးဇူးတော်ချီးမွမ်းခွင့် အတူတကွ သုံးဆောင်ခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြောင်း ပြောကြားသည်။

**ကောက်ဦးပလိုင်းနှင့် အလှူငွေပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်းတို့က ကောက်ဦးပလိုင်းလက်ဆောင်များကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များထံသို့လည်းကောင်း၊ ကောက်ဦးပလိုင်းနှင့် အလှူငွေများကို ဘာသာရေးအသင်းတော်ခေါင်းဆောင်များထံသို့လည်းကောင်း တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ကချင်တိုင်းရင်းသားတို့၏ ရိုးရာကောက်သစ်စားပွဲတော် တေးသီချင်းအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး တစ်နှစ်တာအတွင်း ပထမဆုံးထွက်ရှိသည့် စပါးကို ကြိတ်ခွဲကာ ဦးစွာရရှိသည့် ဆန်/ ကောက်သစ်ကို နေ့လယ်စာအဖြစ် အတူတကွ ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ဘားအံပညာရေးဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဘားအံမြို့ရှောင်လမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



ဘားအံ နိုဝင်ဘာ ၂၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံပညာရေးဒီဂရီကောလိပ်ရှိ ကျောင်းဆောင်၊ စာသင်ဆောင်၊ ဆရာ ဆရာမအိပ်ဆောင် (ဝန်ထမ်းအိမ်ရာ)၊ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်၊ သန့်စင်ခန်း၊ ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ-မရှိနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ဘားအံမြို့ ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်ကြားကိုဖြတ်၍ ဖောက်လုပ်ထားသော ဘားအံမြို့ရှောင်လမ်း ၆ ဒသမ ၄ ကီလိုမီတာကို ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းနိုင်ရေး အခြေခံလွှာ ကျောက်ထုခင်းကြိတ်ခြင်းလုပ်ငန်း ၅ ဒသမ ၁ ကီလိုမီတာ၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းသစ်ခင်းခြင်း ၁ ဒသမ ၃ ကီလိုမီတာ၊ Box culvert တံတားငယ်များ တည်ဆောက်ခြင်း၊ မြေထိန်းနံရံ၊ ကျောက်စီရေမြောင်းများ ဆောင်ရွက်ခြင်း၊ ရင်ကွဲတောင်ကြားလမ်းအပိုင်းကို V Shape ပုံသဏ္ဌာန်ရရှိရေး ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဘားအံမြို့ရှောင်လမ်းတစ်ခုလုံးအနေဖြင့် ၅၉ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအကုန်တွင် ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒေသခံတိုင်းရင်းသား ဆရာနှင့် ဘာသာစကားသင် ဆရာ ဆရာမများကို ခန့်အပ်တာဝန်ပေးပြီး ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား ၆၃ မျိုးကို သင်ကြားပေးလျက်ရှိ

မကွေး နိုဝင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ရန် ဒေသခံတိုင်းရင်းသား ဆရာနှင့် ဘာသာစကားသင် ဆရာ ဆရာမများကို ခန့်အပ်တာဝန်ပေးပြီး ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား ၆၃ မျိုးကိုသင်ကြားပေးလျက်ရှိကြောင်း ယမန်နေ့ ညနေပိုင်းက မကွေးပညာရေး ဒီဂရီကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည့် မကွေးမြို့ မကွေးပညာရေး ဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ တက်ရောက်ပြီးမြောက်ကြောင်း လက်မှတ်အပ်နှင်းပွဲ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားသည်။

**နိုင်ငံ့သားကောင်း**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတွေ ပျောက်ရင် လူမျိုးပါ ပျောက်ကွယ်သွားသည့် သာဓကတွေ အများကြီးရှိကြောင်း၊ ဘက်စုံပညာ ထူးချွန်ထက်မြက်လာအောင် ပြုစုပျိုးထောင်ရာမှာ အတတ်ပညာသာမက အသိပညာ၊ ခံယူချက်၊ သဘောထား၊ တာဝန်သိစိတ်၊ တာဝန်ခံစိတ်၊ လူမှုပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေး၊ တစ်ကိုယ်ကောင်းမဆန်ဘဲ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သော စိတ်နေစိတ်ထား အလေ့အကျင့်ကောင်းတွေကို စာပေပညာများကို သင်ကြားရင်း တစ်ပါတည်းထည့်သွင်း လေ့ကျင့်ပေးဖို့လိုအပ်ပြီး တိုင်းရင်းသား ကျောင်းသားကျောင်းသူများကို ကာယ၊ ဉာဏ၊ စာရိတ္တမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းများဖြစ်အောင်၊ မြန်မာ့လူ့ဘောင်ကို အကျိုးပြုသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၃၅ သိန်းကို ထောက်ပံ့ပေးအပ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား သင်ကြားပို့ချပေးနေသည့် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲကို မကွေးပညာရေး ဒီဂရီကောလိပ်တွင် နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ ကျင်းပပြီး ဆရာ ဆရာမ ၁၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



## မုံရွာတက္ကသိုလ်ရှိ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်ဆုံစားပွဲကျင်းပ

မုံရွာ နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသော ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်ဆုံစားပွဲ အခမ်းအနားသို့ တက်ရောက်ရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်သင်က မိတ်ဆုံစားပွဲအခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်သင်ထံ ငွေကျပ် ၁၀ သိန်းအား ထောက်ပံ့ပေးအပ်သည်။

**နေ့လယ်စာသုံးဆောင်**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို တပျော်တပါး သုံးဆောင်ကာ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# တိုင်းပြည်အတွက်၊ အများပြည်သူအတွက်၊ အလုပ်ရှင်၊ အလုပ်သမားတွေအတွက် ကြိုးစားခဲ့တာတွေကို အသိအမှတ်ပြုခံရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်

ဒေါ်ဝင်းမော်ထွန်း

သတင်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။


ဒေါ်ဝင်းမော်ထွန်း



အကယ်ဒမီဂီတမှူးဝင်းကို



ဒေါ်အိဖြူ



ဒေါ်စန္ဒာရွှေ



ဒေါ်သဲဖြူ

**ဒေါ်ဝင်းမော်ထွန်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ ဒုတိယဝန်ကြီး(ငြိမ်း)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

ကျွန်မအနေနဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ရတာကို အထူးဂုဏ်ယူမိသလို ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၀–၂၀၁၅ နိုင်ငံတော်အစိုးရကာလမှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လူမှုဖူလုံရေးဥက္ကဋ္ဌ တာဝန်လည်း ထမ်းဆောင်ခဲ့ပါတယ်။ လူမှုဖူလုံရေးဥပဒေ ၂၀၁၂ ထွက်ရှိပြီး ဥပဒေအတိုင်း အကောင်အထည်ဖော်ဖို့ တာဝန်ပေးခံရပါတယ်။ အလုပ်ရှင်၊ အလုပ်သမား ညီညွတ်မျှတစွာနဲ့ ဥပဒေအပေါ် အခြေခံပြီး လုပ်ကိုင် ဆောင်ရွက်ခဲ့တာ အအောင်မြင်ဆုံးပါပဲ။ လူမှုဖူလုံရေးအဖွဲ့ရယ်လို့ တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တိုင်း၊ အလုပ်သမားတိုင်း လက်ခံနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်မှုဟာ အလုပ်သမားတွေအတွက် အထိရောက်ဆုံးပါပဲ။ အောင်မြင်မှုရရှိခဲ့ပါတယ်။

အနည်းဆုံးအခကြေးငွေကို မြန်မာနိုင်ငံမှာ ပထမဆုံးသတ်မှတ်နိုင်အောင် တိုင်းနဲ့ ပြည်နယ် ၁၄ ခုလုံး ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်သမားသမဂ္ဂ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့ အစည်းအားလုံး ညှိနှိုင်းတိုင်ပင်မှုရလဒ်ကြောင့် သတ်မှတ်နိုင်ခဲ့ပြီး ခေတ်ကာလနဲ့ လျော်ညီစွာ သတ်မှတ်နိုင်ဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်။

အဓိက အလုပ်ရှင်၊ အလုပ်သမား ညီညွတ်မျှတစွာ လုပ်ငန်းခွင်အေးချမ်းသာယာဖို့ အဓိကထားလုပ်ခဲ့ပါတယ်။ ဒီအောင်မြင်မှုကြောင့် ၂၀၁၆ ခုနှစ်မှာ နိုင်ငံစွမ်းဆောင်ရည်ဆု ချီးမြှင့်ခံရပါတယ်။ ကျွန်မဘဝမှာ အလုပ်ရှင်၊ အလုပ်သမားကဏ္ဍ အများကြီးရှိခဲ့ပါတယ်။ အလုပ်ရှင်တစ်ယောက် သဘောထား၊ အလုပ်သမားတစ်ယောက် သဘောထား နားလည်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာလည်း စက်မှုစီးပွားထူးချွန်ဆုရရှိခဲ့ပါတယ်။

ဘဝတစ်သက်တာမှာ သာသနာတော်ဆိုင်ရာ ချီးမြှောက်ထောက်ပံ့မှုတွေ လုပ်ခဲ့လို့ ၂၀၁၂ ခုနှစ်မှာ သုဓမ္မသိင်္ဂီဘွဲ့လည်းရရှိခဲ့ပါတယ်။ အခုအခါမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ပေးအပ်တဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိတဲ့အတွက် ပေးအပ်ချီးမြှင့်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ပါတယ်။ တိုင်းပြည်အတွက်၊ အများပြည်သူအတွက်၊ အလုပ်ရှင်၊ အလုပ်သမားတွေအတွက် ကြိုးစားခဲ့တာတွေကို အသိအမှတ်ပြုခံရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။

ဆက်လက်ပြီး ကျွန်မနိုင်ငံတော်အတွက် ကျွန်မပြည်သူအတွက် အလုပ်ရှင်၊ အလုပ်သမားများအတွက် မည်သည့်နေရာကမဆို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ လုပ်ကိုင်ဆောင်ရွက်သွားမှာပါ။

**အကယ်ဒမီဂီတမှူးဝင်းကို၊ အနုပညာထူးချွန်(တတိယဆင့်)**

လူမှုထူးချွန်ဆုအနေနဲ့ဆို ဆရာတို့အနုပညာသမားတွေက တိုင်းကျိုးပြည်ပြုသီချင်းတွေ တီးပေးတယ်။ ဇာတ်ကားတွေမှာ တီးပေးတယ်။ အများအတွက်၊ တိုင်းပြည်အတွက် ကူညီခဲ့တဲ့ အနုပညာသမားတွေကို လူမှုထူးချွန်ဆုဆိုပြီး အရင်တုန်းကပေးတယ်။ ဒီနှစ်လည်း ဒီလိုပဲပေးလိုက်မယ်ထင်တာပါ။ ဆရာတို့ ကြိုတော့မသိပါဘူး။ အခုစာရင်းပါလာတဲ့အပေါ်မှာ ကြည့်တဲ့အခါ အနုပညာထူးချွန်ဆုအနေနဲ့ပါလာတယ်။ ဆရာအနေနဲ့တော့ ကောင်းတဲ့အလုပ်လို့ထင်တယ်။ ကောင်းတယ်ဆိုတာ သူ့ကဏ္ဍအလိုက်မှာ ထူးချွန်တဲ့သူတွေပါ။ စာပေဆုလည်း စာပေမှာ ထူးချွန်တဲ့သူတွေ၊ ဂီတပိုင်းမှာလည်း ဂီတမှာ ထူးချွန်တဲ့သူတွေ။ ထူးချွန်တဲ့သူတွေကို ရွေးပြီးပေးတဲ့အပေါ်မှာ ဆရာတို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ်လည်းဂုဏ်ယူတယ်။

အကယ်ဒမီရတာက ၂၀၁၂ နောက်ခံတေးဂီတထူးချွန်ဆု အမွေခံထိုက်သူဖြစ်ပါစေ ဘာသာရေးကားနဲ့ ရတာ။ အနုပညာနဲ့ပတ်သက်တဲ့ အလုပ်မှန်သမျှ လူတိုင်းလူတိုင်းကိုကြိုးစားစေချင်တယ်။ ကိုယ့်ကြိုးစားမှုဆိုတာ တစ်ချိန်ချိန်မှာ အရာထင်လာတာပဲပေါ့။ ဆရာဆိုရင် ဂီတမှူးသက်တမ်း အနှစ် ၄၀ ကျော်လာပြီ။ နိုင်ငံတော်ရဲ့ ဂုဏ်ပြုခြင်းကိုခံရတာ ဒါပထမဦးဆုံးအကြိမ်ပါ။ လူကြီးတွေကိုလည်း ဆရာတို့အနေနဲ့ ကျေးဇူးတင်ပါတယ်။

**ဒေါ်အိဖြူ၊ လူမှုထူးချွန် (တတိယဆင့်) အပြည်ပြည်ဆိုင်ရာ အနောက်တိုင်းလှေ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

နိုင်ငံတော်က ချီးမြှင့်တဲ့ အခုလိုထူးချွန်ဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာ ရိုးရာလှေနဲ့ ရွှေတံဆိပ် သုံးဆုရခဲ့တယ်။ ၂၀၁၉ ကြတော့ ဖိလစ်ပိုင်ဆီးဂိမ်းမှာ အပြည်ပြည်ဆိုင်ရာလှေကို ရောက်သွားတယ်။ အပြည်ပြည်ဆိုင်ရာလှေမှာ ကြေးတံဆိပ် တစ်ခုရတယ်။ ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းမှာ ဒီအပြည်ပြည်ဆိုင်ရာလှေနဲ့ပဲ ကြေးတံဆိပ် နှစ်ခုရခဲ့တယ်။ အားကစားသမားတစ်ယောက်ကို အခုလိုအသိအမှတ်ပြုတယ်ဆိုတာကို ဝမ်းသာတယ်။ ဘာပဲပြောပြော နားသွားတဲ့အချိန်ရောက်ရင် ကိုယ့်ဘဝမှာ မှတ်တိုင်လေးတစ်ခု အမှတ်တရတစ်ခုတော့ ကျန်ခဲ့တာပေါ့။ ကိုယ်ဒီထက်ပိုပြီး ကြိုးစားရင် ဒီထက်ပိုပြီး ဆုတံဆိပ်တွေနဲ့ ဂုဏ်ပြုခံရမယ်ဆို ကိုယ်က ပိုပြီးတော့ ကြိုးစားရမယ်။ နောက်ဆုံး ဒီအားကစားလောကက မနားခင်အချိန်ထိတော့ အကောင်းဆုံးကြိုးစားသွားမယ်။ အခုလိုမျိုး အားကစားသမားတွေကို အသိအမှတ်ပြုပြီး ဘွဲ့တံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**ဒေါ်စန္ဒာရွှေ၊ လူမှုထူးချွန် (တတိယဆင့်) ရိုးရာလှေ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

၂၀၁၂ ခုနှစ်ကနေပြီးတော့ ၂၀၂၂ ခုနှစ်အထိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှာ ကစားလျက်ရှိပါတယ်။ ဆုတံဆိပ်တွေအနေနဲ့ကတော့ ၂၀၁၃ ခုနှစ်အိမ်ရှင်ဆီးဂိမ်းမှာ ရွှေသုံးခုနဲ့ အခုပြီးခဲ့တဲ့ ဗီယက်နမ်ဆီးဂိမ်းမှာ ကြေး နှစ်ခုရရှိထားပါတယ်။ အခုလို နိုင်ငံတော်က လူမှုထူးချွန်(တတိယဆင့်) ဆုပေးတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ ကိုယ်ကြိုးစားမှုအတွက် ဆုရရှိတာကိုလည်း ဂုဏ်ယူပါတယ်။ ထပ်ပြီးတော့ ကြိုးစားနေတဲ့ အားကစားသမားတွေကိုလည်း ဒီထက်ကောင်းတဲ့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးပါလို့ ပြောချင်ပါတယ်။ နောက်ပြီးတော့ သမီးတို့လည်း အကောင်းဆုံး ကြိုးစားနေပါတယ်။ ထူးချွန်တဲ့သူတွေကို ဒီလိုမျိုးဆုတွေပေးတဲ့အတွက်လည်း လူငယ်တွေအနေနဲ့ ကြိုးစားချင်တဲ့စိတ် ပိုပြီးတော့ ဖြစ်ပေါ်ပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ နယ်ပယ်အသီးသီးက ကြိုးစားနေတဲ့သူတွေကို ဒီလိုမျိုးပေးတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။

**ဒေါ်သဲဖြူ၊ လူမှုထူးချွန် (တတိယဆင့်) ရိုးရာလှေ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

ဒီဆုရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ကိုယ်အပါအဝင် အယောက် ၁၀၀၀ ကျော် ဆိုတော့ အားလုံးအတွက်လည်း ဝမ်းသာပါတယ်။ ၂၀၂၀ ပြည့်နှစ် အင်ဒိုနီးရှားဆီးဂိမ်းမှာ ရွှေ သုံးခုရခဲ့ပါတယ်။ အဲဒီ ရွှေ သုံးခုရခဲ့တာကလည်း ကြိုးစားအားထုတ်မှုကြောင့်ပါ။ အဲဒီတုန်းကလည်း တော်တော်ကြိုးစားခဲ့ရပါတယ်။ နောက်လာမယ့်ကလေးတွေကိုလည်း ကြိုးစားစေချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလှေလှော်အားကစားနည်းက ကြိုးစားလေ ပိုပြီးကိုယ့်အတွက် အကြိုးထူးလေပါပဲ။ ဒါကြောင့် ဖွဲ့မလျှော့ကြပါနဲ့လို့ သမီးကဒီကနေ အားပေးစကားလေး ပြောချင်ပါတယ်။ စိတ်ဓာတ်ကောင်းနေမှလည်း ဒီလှေလှော်အားကစားနည်းက တောက်ပတာပါ။ နဖူးကချွေး ခြေမကိုကြအောင်လည်း လုပ်ရပါတယ်။ အခုလက်ရှိမှာတော့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှာပဲနေပါတယ်။ လက်ရှိမှာလည်း တာဝန်ထမ်းဆောင်နေပါတယ်။ အခုလိုသမီးကို လူမှုထူးချွန်ဆုပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။ ။

နိုင်ငံတော်က ချီးမြှင့်တဲ့ အခုလိုထူးချွန်ဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာ ရိုးရာလှေနဲ့ ရွှေတံဆိပ် သုံးဆုရခဲ့တယ်။ ၂၀၁၉ ကြတော့ ဖိလစ်ပိုင်ဆီးဂိမ်းမှာ အပြည်ပြည်ဆိုင်ရာလှေကိုရောက်သွားတယ်။ အပြည်ပြည်ဆိုင်ရာလှေမှာ ကြေးတံဆိပ် တစ်ခုရတယ်။ ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းမှာ ဒီအပြည်ပြည်ဆိုင်ရာလှေနဲ့ပဲ ကြေးတံဆိပ် နှစ်ခုရခဲ့တယ်။ အားကစားသမားတစ်ယောက်ကို အခုလိုအသိအမှတ်ပြုတယ်ဆိုတာကို ဝမ်းသာတယ်။ ဘာပဲပြောပြော နားသွားတဲ့အချိန်ရောက်ရင် ကိုယ့်ဘဝမှာ မှတ်တိုင်လေးတစ်ခု အမှတ်တရတစ်ခုတော့ ကျန်ခဲ့တာပေါ့။ ကိုယ်ဒီထက်ပိုပြီး ကြိုးစားရင် ဒီထက်ပိုပြီး ဆုတံဆိပ်တွေနဲ့ ဂုဏ်ပြုခံရမယ်ဆို ကိုယ်က ပိုပြီးတော့ ကြိုးစားရမယ်။ နောက်ဆုံး ဒီအားကစားလောကက မနားခင်အချိန်ထိတော့ အကောင်းဆုံးကြိုးစားသွားမယ်။ အခုလိုမျိုးအားကစားသမားတွေကို အသိအမှတ်ပြုပြီး ဘွဲ့တံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

## ဆရာကြီးဦးလေးမြိုင် ရေးသားသည့် "လောကကြေးမုံ"စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဆရာကြီးဦးလေးမြိုင် ရေးသားသည့် "လောကကြေးမုံ" စာအုပ်ကို စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်ပါသည်။ "လောကကြေးမုံ" စာအုပ်ကို နှလုံးလှစာပေက ၁၉၈၁ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၈ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၀ ပြည့်နှစ်တွင် တတိယအကြိမ် ထုတ်ဝေခဲ့ပြီး စတုတ္ထအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤလောက လူ့ကမ္ဘာ၌ တာဝန်သိသော လူသားတို့သည် မိမိကောင်းကျိုး၊လောကကောင်းကျိုးအတွက် ကြိုးစားရှာဖွေ ထမ်းဆောင်လေ့ရှိကြ၏။ လူသားတို့၏ ဆောင်ရွက်မှုများအတွင်း၌ မှားမှန်ဆိုးကောင်း ကျိုးကြောင်း ဖြစ်စဉ်ဖြစ်ရပ်တို့သည် များပြားလွန်းလှသည်။ ထိုဖြစ်စဉ်တို့သည် သမိုင်းရေစီးကြောင်း၏ သယ်ယူပို့ဆောင်ပေးမှုကြောင့် လောကကြေးမုံပြင်၌ အရိပ်အသွင် နိမိတ်ထင်လျက်ရှိကြ၏။

ဤစာအုပ်တွင် လူသားတို့ဘဝအနှစ်သာရကို ရှာဖွေကြရာတွင် လောကကြေးမုံပြင်၌ ထင်ဟပ်လာသည့် ကောင်းကျိုးဆိုးကျိုး နိမိတ်ပုံ အရိပ်စုံကို ထင်သာမြင်သာအောင် ထုတ်နုတ်တင်ပြထားသည်။ တင်ပြရာ၌ မြန်မာတို့နှင့် အနီးစပ်ဆုံးနယ်နိမိတ်အတွင်းမှ လူသားတို့၏ ဖြစ်စဉ်ဖြစ်ရပ်အချို့ကို စာကိုးကျမ်းကိုး ပြည့်စုံစွာ အထောက်အထားဖြင့် ရေးသားပြုစုထားသည်။

စာအုပ်တွင် အခန်းခေါင်းစဉ် ၁၇ ခုပါဝင်လျက် အကြောင်းရပ်အဖြစ်အပျက်ပေါင်း ၅၀ ကျော်ကို စုစည်းတင်ပြထားသည်။ မရေမရာ ဆောင်ရွက်မှုဖြင့် ကြုံတွေ့ရသည့်အမှားများ၊ ဝဋ်ကြွေး၊ စကားနောက်တရားပါ၊ စကား၏သတ္တိ၊ အပေးနှင့်အယူ၊ အထိမခံခြင်း၊ အမြင် စသည်ဖြင့် လောကဓမ္မတာအကြောင်းရပ် အဖြာဖြာကို လူပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်မျိုးစုံဖြင့် ရေးသားထားသည်။

မြန်မာရာဇဝင်သမိုင်းဗဟုသုတများနှင့်အတူ လူ့ဘဝခရီးတွင် ကျင်လည်လျှောက်လှမ်းကြစဉ် သတိသမ္ပဇဉ်ဖြင့် ကျင့်ကြံကြရန် ဆင်ခြင်နိုင်ဖွယ် လမ်းညွှန်ချက်များဖြစ်သဖြင့် စာဖတ်သူများအတွက် တန်ဖိုးရှိလှသည့်စာအုပ်ဖြစ်ပါသည်။

စာအုပ်တွင် စာမျက်နှာ ၂၇၁ မျက်နှာ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွက်စိပ်ဗေဒသုခုမ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဆရာမင်းသျှင်အောင် (တွံတေး)၏ **"ကွက်စိပ်ဗေဒသုခုမ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ကွက်စိပ်သဘင် သမားစဉ်၊ မြန်မာ့ကွက်စိပ်နှင့် ဆိုင်ငိုပြောအနုပညာရှင်၊ နိုင်ငံခြားရောက် မြန်မာ့ကွက်စိပ်၊ ရှေးခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ်မှ ကွက်စိပ်ပညာရှင်ကြီးများနှင့် ၎င်းတို့၏ ကွက်စိပ်ဇာတ်ထုပ်များနှင့် ဆိုငိုပြောပညာရပ်များ၊ စာစကားများ၊ ကွက်စိပ်ဘာသာရပ် ဆွေးနွေးရေးအဖွဲ့၏ မြန်မာ့ရုပ်မြင်သံကြား ရိုက်ကူးဆွေးနွေးချက်များ၊ စာဖတ်သူတို့၏ ရုပ်သံလိုင်းမှ ကွက်စိပ်ပညာ အသံလွှင့်ဟောပြောချက်များ၊ မဟာဗုဒ္ဓဝင်တောထွက်ခန်း ကွက်စိပ်ဗေဒသုခုမ၊ စာပြောကွက်စိပ်ဇာတ်ညွှန်း မြန်မာ့ရွှတ်ထုံး ဖတ်ထုံး ..သဒ္ဒါဆယ်ပါး စသည်ဖြင့် အကြောင်းခြင်းရာစုံလင်စွာ ပါဝင်သည့်အပြင် တွေ့ဆုံမေးမြန်းချက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဇာတ်နိပါတ်တော်၊ ဇာတ်လမ်း၊ အဆို၊ အငို၊ အပြောနှုတ်မှုရေးရာ စာပေအနုပညာများကို အထောက်အထားခိုင်လုံစွာ ကြိုးစားပြုစုရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၅၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉- ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၈၈၃၉၅ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲကြီး၊ ပဲလွန်း၊ ကုလားပဲ၊ စားတော်ပဲ၊ စွန်တာပြာ၊ စွန်တာနီ၊ ထောပတ်ပဲနှင့် အခြားပဲ ၉၀၀၂၇ ဧကကို လျာထားပြီး စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ပဲမျိုးစုံသီးနှံ ၈၈၃၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်တော်တို့မြို့နယ်မှာ ဆောင်းသီးနှံ ပဲမျိုးစုံ ဧကကိုးသောင်းကျော် စိုက်ပျိုးဖို့လျာထားခဲ့ရာမှာ နိုဝင်ဘာ ၁၅ ရက်အထိ ရှစ်သောင်းရှစ်ထောင်ကျော် စိုက်ပျိုးပြီးပါပြီ။ မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူတွေ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးတို့အတွက် ပဲမျိုးစုံအထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို သုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး၊ ဒေသထွက်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေးတို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရေလိုအပ်ချက်နည်းတဲ့ ပဲမျိုးစုံသီးနှံတွေ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ပဲမျိုးစုံသီးနှံ အရည်အသွေးကောင်းရရှိရေး၊ နောက်ဆုံးပေါ်နည်းပညာတွေ ရယူသုံးစွဲနိုင်ရေးနဲ့ ဈေးကွက်ဝင် ပဲမျိုးစုံသီးနှံတွေကို စိုက်ပျိုးကြဖို့ကိုလည်း စည်းရုံးခဲ့ပါတယ်။ ပဲမျိုးစုံ သီးနှံစိုက်ပျိုးပြီးစီးမှုအနေနဲ့ ၉၈ ဒသမ ၁၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပါပြီ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၂၁၄ ဧက၊ မတ်ပဲ ၃၈၅၃၂ ဧက၊ ပဲကြီး ၁၇၁ ဧက၊ ပဲလွန်း ၂၃၂၃ ဧက၊ ကုလားပဲ ၂၂၅၆ ဧက၊ စားတော်ပဲ ၇၉၅၇ ဧက၊ စွန်တာပြာ ၇၂၁၉ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ ထောပတ်ပဲ ၃၇၉၇ ဧကနှင့် အခြားပဲ ၂၅၃၃ ဧက စုစုပေါင်း ၈၈၃၉၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံ တင်ပို့မှုများမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် အထိရရှိခဲ့ပြီး ပဲစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကန့်ဘလူမြို့နယ်သည် တတိယအများဆုံး စိုက်ပျိုးသည့်မြို့ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## စလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ)လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၆**

မင်းဘူးခရိုင် စလင်းမြို့နယ် ကွယ်စုကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ် ပြန်လည် ထုတ်ချေးခြင်းလုပ်ငန်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ပြုလုပ်သည်။



မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ မြို့နယ်မြစိမ်းရောင် (ငါးကဏ္ဍ) ရန်ပုံငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းကိုကိုထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက သတ္တမအကြိမ် ၄၅၆ သိန်း ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ် လည်ပတ်ရန်ပုံငွေ ၄၆၆ သိန်းကို အသင်းသား ၁၀၀ သို့ ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၀၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၈,၄၀၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀)ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄)ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၃၄,၅၇၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၅)ရက် ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ကျောင်းကုန်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၈၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၂၆၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၃၉၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကင်းမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ယနေ့နံနက် ၉ နာရီက အမှတ်(၁၄)ရပ်ကွက် မိုးကောင်းဘုရားလမ်း မိုးကောင်းဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ခြောက်လပြည့်ပြီးသူများအား ကိုဗစ်–၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ပထမအကြိမ် ၁၈ နှစ်အထက်များအား Myancopharm နှင့် အသက် ၁၅ နှစ်မှ အသက် ၁၈ နှစ်အထိ ကျောင်းပြင်ပကလေးများအား Sinopharm ကာကွယ်ဆေးများကို အကြိမ်ပြည့်နှင့် ထပ်ဆောင်းထိုးနှံပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ လူမှုကူညီရေးအသင်းများ၊ မြို့နယ်အုပ်ချုပ်ရေးစစ်ကြောင်းနှင့် ကျန်းမာရေးစစ်ကြောင်းတို့ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများကို အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းလုပ်ဆောင်ရန် ကုလသမဂ္ဂအကြီးအကဲတိုက်တွန်း



ကုလသမဂ္ဂ နိုဝင်ဘာ ၂၆

ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်သည် နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေးနေ့အတွက် ပေးပို့သည့် ၎င်း၏သဝဏ်လွှာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ကြိုးပမ်းလုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အဆုံးသတ်ဆောင်ရွက်ရမည့်ကာလဖြစ်ကြောင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာပေါ်တွင် အပျံ့နှံ့ဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်က ပြောကြားသည်။ ၁၁ မိနစ်ရှိတိုင်းတွင် ရင်းနှီးသောလက်တွဲဖော် သို့မဟုတ် မိသားစုဝင်တစ်ဦးကြောင့် အမျိုးသမီးတစ်ဦး သို့မဟုတ် မိန်းကလေးငယ်တစ်ဦး သေဆုံးနေရကြောင်း ကုလသမဂ္ဂအကြီးအကဲက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးကြောင့် စီးပွားရေးမတည်ငြိမ်မှုမှတစ်ဆင့် ဖြစ်ပေါ်သော ဖိစီးမှုများကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများ ဖြစ်ပေါ်စေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




## ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သယ်ယူပို့ဆောင်ရေးအတွက် အအေးခန်းပါထရပ်ကားများနှင့် ကွန်တိန်နာများ ဂျပန်လှူဒါန်း

တိုကျို နိုဝင်ဘာ ၂၆

ဂျပန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အအေးခန်းပါ ထရပ်ကားများနှင့် ကွန်တိန်နာများ ယမန်နေ့တွင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပေးအပ်ခဲ့**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ဒေသဆိုင်ရာရုံးမှ ထရပ်ကားနှစ်စီးနှင့် သိုလှောင်ကွန်တိန်နာ ၆၀၀ ခန့်ကို ဖိလစ်ပိုင်ကျန်းမာရေးဌာနသို့ ယမန်နေ့က မနီလာမြို့တော်၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ပေးအပ်ခဲ့သည်။

ကွန်တိန်နာတစ်ခုတွင် ကာကွယ်ဆေး ၅၈၀၀ ခန့်ကို သိမ်းဆည်းနိုင်ပြီး ၎င်းတို့ကို အနုတ်နှစ်ဒီဂရီစင်တီဂရိတ် သို့မဟုတ် အနုတ်နှစ်ဒီဂရီစင်တီဂရိတ်အောက်တွင် နာရီပေါင်း ၁၀၀ ခန့်အထိ သိုလှောင်သိမ်းဆည်းထားရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဝေးလံခေါင်သီသောကျွန်းများသို့ ရေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်ရာတွင် ကွန်တိန်နာများသည် အသုံးဝင်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ တစ်နှစ်ပတ်လုံး အပူချိန်မြင့်မားမှုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဘေးကင်းပြီး ထိရောက်စွာ ပို့ဆောင်ပေးနိုင်ရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရက ဝယ်ယူထားသည့် ကာကွယ်ဆေးအလုံးရေ ၃၁ သန်းကျော် သို့မဟုတ် ၁၂ ရာခိုင်နှုန်းကျော် ပျက်စီးသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါ လှူဒါန်းမှုသည် ဝေးလံခေါင်သီသော ဒေသများရှိ ပြည်သူများအား ကာကွယ်ဆေးများ ပေးပို့ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားကြောင်း JICA ၏ ဒေသဆိုင်ရာရုံးမှ အကြီးအကဲ Sakamoto Takema က ပြောကြားခဲ့သည်။

ထို့ပြင် သိုလှောင်ကွန်တိန်နာများအား အပြည့်အဝအသုံးချနိုင်စေရန် နောက်ဆက်တွဲအကူအညီများ ထပ်မံလှူဒါန်းသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## လာမည့်နှစ်တွင် တောင်ဆူဒန်နိုင်ငံမှ ပြည်သူ ၉ ဒသမ ၄ သန်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်မည်

ကုလသမဂ္ဂ နိုဝင်ဘာ ၂၆

တောင်ဆူဒန်နိုင်ငံမှ ပြည်သူ ၉ ဒသမ ၄ သန်းသည် လာမည့်နှစ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသည့် အစုလိုက်အပြုံလိုက်အကြမ်းဖက်မှု၊ ပဋိပက္ခများ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ရေကြီးရေလျှံခြင်းနှင့် ဒေသအလိုက် မိုးခေါင်မှုကဲ့သို့သော ရာသီဥတုဖောက်ပြန်မှုများသည် တောင်ဆူဒန်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလိုအပ်ချက်များကို လျှော့ချရန်အတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရေး ဦးဆောင်မှုပေးရန် တောင်ဆူဒန်နိုင်ငံအစိုးရအား တောင်းဆိုထားကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာညှိနှိုင်းရေးမှူးရုံးက ပြောကြားသည်။

ကုလသမဂ္ဂ၏ အချက်အလက်များအရ တောင်ဆူဒန်နိုင်ငံ၏ ပြည်သူ ၁၁ ဒသမ ၅ သန်းခန့်သည် ဆူဒန်နိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၂၀၁၁ ခုနှစ် နောက်ပိုင်းကတည်းကအကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၃ ဦး ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၂၆

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၅၇၁ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၁၈၇၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၂၃၂၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၃၄၈ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၃၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၉၀၃၁၆ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## သီရိလင်္ကာနိုင်ငံ၌ လာမည့်နှစ် ဇန်နဝါရီလမှစပြီး လျှပ်စစ်ဓာတ်အားအချိန်ပြည့်ပေးဝေနိုင်ရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများကို ဆောင်ရွက်မည်

ကိုလံဘို နိုဝင်ဘာ ၂၆

လာမည့်နှစ် ဇန်နဝါရီလမှစပြီး သီရိလင်္ကာနိုင်ငံအတွင်း လျှပ်စစ်မီးပြတ်တောက်မှုများမရှိစေဘဲ လျှပ်စစ်ဓာတ်အား အချိန်ပြည့်ပေးဝေနိုင်ရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ကန်ချာနာဝီဂျီဆီကီရာက ယနေ့ ပြောကြားသည်။

**နှစ်နာရီခန့်သာပြတ်တောက်**


နိုင်ငံအတွင်း၌ ယခုနှစ် ဖေဖော်ဝါရီလမှစပြီး နေ့စဉ် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများရှိနေပြီး တစ်ကြိမ်ပြတ်တောက်လျှင် ၁၃ နာရီကြာမြင့်ခဲ့သည်။ ယခုအခါ တစ်ရက်လျှင် နှစ်နာရီခန့်သာ ပြတ်တောက်လျက်ရှိကြောင်း ဝန်ကြီး ကန်ချာနာဝီဂျီဆီကီရာက ဆိုသည်။

ပြီးခဲ့သည့်လအနည်းငယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကို သိသိသာသာလျှော့ချနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

သို့သော်လည်း လျှပ်စစ်မီတာခကောက်ခံမှုကို ပြန်လည်ပြင်ဆင်ခြင်း မရှိဘဲ လျှပ်စစ်ဓာတ်အားပေးမှုများကို အချိန်ပြည့်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းနှင့် ဇန်နဝါရီနှင့် ဇွန်လများတွင် နှစ်စဉ်မီတာခကို ပြန်လည်ပြင်ဆင်သတ်မှတ်မှုများ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းပင် ဖြစ်ကြောင်း ဝန်ကြီး ကန်ချာနာဝီဂျီဆီကီရာက အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၃ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မြှင့်တင်ရန် စီစဉ်လျက်ရှိပြီး အဆိုပါနည်းလမ်းသည် သီရိလင်္ကာနိုင်ငံအတွက် အကောင်းဆုံး လျှပ်စစ်ဓာတ်အား အရင်းအမြစ်ဖြစ်ကြောင်း ၎င်းကဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများအား တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ မအီရှိန်ကျွဲ၏ နေအိမ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ Ecstasy ဆေးပြား ၆၁၆၀၀၀၊ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်(Happy Water) ၁၁၃ ဒသမ ၀၄ ကီလို၊ Erimin-5 ဆေးပြား ၃၅၀၀၀ နှင့် Honda ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ထပ်မံအရေးယူနိုင်ရေးနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် ရွှေမြင်တင်အုပ်စု သစ်ပုတ်ကုန်းကျေးရွာ၌ တရားမဝင် သစ်ခွဲသားမျိုးစုံ ၃ ဒသမ ၅၉၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၉၁၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၇၇၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ




မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ သိမ်းဆည်းရမိမှု။

မန္တလေးမြို့မှ မိုးညှင်းမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အဖြူရောင်အစေ့ငယ်များ ကီလိုဂရမ် ၂၀၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသောယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းမှန်လည် ပြတင်းချပ်များ ၄ ဒသမ ၅၂၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၄၄၅၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီမြို့နယ် ဝွေးချောင်းလမ်းဆုံ၌ တရားမဝင် မအူသစ်ခွဲသား ၆ ဒသမ ၉၄၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၆၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၂ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၉၉၆၃၆)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ(၅)ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊

(င) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၁-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "ဒီမိုကရေစီဆိုသည်မှာ"
- ၀၉:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၀၉:၄၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၃)(Result Show)
- ၁၂:၃၀ 2022 World Cup Highlight (7)
- ၁၂:၃၅ This Week Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၁၅ Weekly Local News Highlights
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ "ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်"
- ၁၅:၁၀ "သုတဝေဖြာ......သီရိဂေဟာ"
- ၁၆:၃၀ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်"
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၃:၀၀ 2022 World Cup Highlight (7)
- ၂၃:၁၅ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"

### mitv

- 07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Myanmar Paper Toys
- 07:16 Listening Pleasure, Instrumental Music (Horn Violin) Sayama
- 07:26 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- 07:38 Htan Taw Drums (Part-II) Dobat
- 07:54 ASEAN Information Exchange Initiative: Food Security
- 08:01 News
- 08:28 The Art of Taxidermy: U Myo Naing
- 08:39 A Trip to Gyobyu Reservoir (Part-2)
- 09:01 Aesthetic Chinlone
- 09:26 Today Myanmar: Modern Farming and Profitable Market of Ziwasoe Bird Nests
- 09:36 Healthy Diet: Detox Water
- 09:45 Chef Life: Syi Syi Lwin
- 10:01 News

### MRTV NRC

- အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) နည်းမှန်စိုက်ပျိုးဝင်ငွေတိုးသခွားစိုက်ပျိုးနည်း
- ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- ချင်း(ချို) (၀၈:၀၀ မှ ၀၉:၀၀) သီးနှံသစ်အတွက်ဆုတောင်းခြင်း
- မွန် (၀၉:၀၀ မှ ၁၁:၀၀) ဆေးဖက်ဝင်ဗေဒါပင်
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
- ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ရှမ်းရိုးရာပိန်းပွင့်ချက်
- ဝ (၁၅:၀၀ မှ ၁၇:၀၀) ကွမ်းရွက်စိုက်ပျိုးနည်း
- ကချင် (၁၇:၀၀ မှ ၁၉:၀၀) ချောကလက်အိပ်မက်
- ကယား (၁၉:၀၀ မှ ၂၁:၀၀) ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးမီးကင်
- ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၂)
- အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ကရင်ရိုးရာစောင်းတူရိယာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ "Weekly Selected News"
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Hightlights)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၅:၄၅ ကာတာကမ္ဘာ့ဖလား (ပွဲကြိုသုံးသပ်ချက်)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဓာတ်လမ်းတို **"မမှန်သတင်းပေးခြင်း"**
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၃၀ **"အတွေးအမြင်"**(အပိုင်း-၈)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၀၆:၂၅ တို့ဝလေ့...တို့သဘာဝ
- ၀၇:၁၅ မုံရွာဒေသဆောင်းသီးနှံအလှ
- ၀၇:၄၅ "ငွေးမြူရေးရာအဖြာဖြာ"
- ၀၈:၂၀ ငှက်တောင်ပံဖြန့်ကာဖျံမယ့်ဂျူး(ဇာတ်လမ်းတို)
- ၀၈:၃၅ အရည်အသွေးကောင်းသစ်များထုတ်လုပ်ရေး အပင်ရောဂါကာကွယ်ပေး
- ၀၉:၃၅ ဘဝနောင်ရေးစိတ်အေးဖို့ဆီအုန်းစိုက်ပျိုးကြပါစို့
- ၀၉:၅၀ ကောင်းကျိုးဝေဖြာပေါင်းစည်းလယ်ယာ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၁၅:၂၀ 2022 World Cup Highlight / ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အမည်ခံ အကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားနှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်၊ နေအိမ်အားမိုင်းခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်မှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ပြခြိမ်းခြောက်ယူဆောင်ပြီး နေအိမ်အား မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက် အောင်သီရိလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲတွင် PDF အကြမ်းဖက်သမား ၁၀ ဦးခန့် လက်နက်ငယ်ကိုယ်စီဖြင့် ရောက်ရှိလာပြီး သော့ခတ်ထားသော နေအိမ်ဘာဂျာသံတံခါးအား ဖွင့်ပေးရန်နှင့် မဖွင့်ပါက မိသားစုအားလုံးကို ပစ်သတ်မည်ဟု သေနတ်ဖြင့်ခြိမ်းခြောက်၍ ဖွင့်ခိုင်းခဲ့ကြောင်း၊ ထို့နောက် နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပရိဘောဂများအား ရိုက်ခွဲဖျက်ဆီးကာ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို ယူဆောင်ပြီး မိုင်းတစ်လုံး ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထို့အပြင် နေအိမ်အတွင်း လက်လုပ်မိုင်းနှစ်လုံး ထောင်ထားခဲ့ပြီး အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး နေအိမ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်းနှစ်လုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



PDF အကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများ သေနတ်ပြခြိမ်းခြောက်ယူဆောင်ခဲ့ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



PDF အကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃) ရပ်ကွက်၌ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများ သေနတ်ပြခြိမ်းခြောက်ယူဆောင်ခဲ့ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့ကာ မိုင်းနှစ်လုံးထောင်ထားခဲ့မှု မှတ်တမ်းဓာတ်ပုံ။



# သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တောင်ပိုင်းကြီးဘုရားတွင် သန့်ရှင်းရေးမဆောင်ရွက်မီ (ဝဲ)နှင့် ဆောင်ရွက်ပြီး(ယာ)ပုံ။

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ၆၉ လမ်း၊ မနော်ဟာရီလမ်းမှ ၄၄ လမ်းကြားနှင့် ၁၁၁ လမ်းတို့ထိ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၂)ဆင်းပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၆**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၂) ဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ အား အခြေခံလက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးငြိမ်းသတ်ရေးဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်တို့ကို နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မိုးနဲမြို့နယ်၌ အစေ့ထုတ်ပြောင်း ဈေးကောင်းရ၍ စိုက်ပျိုးသူတောင်သူများ အဆင်ပြေ

မိုးနဲ နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်လျက်ရှိပြီး ယခုနှစ်တွင် အစေ့ထုတ်ပြောင်းများ ဈေးကောင်းရရှိသဖြင့် အစေ့ထုတ်ပြောင်းစိုက်တောင်သူမိသားစုဝင်များ အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း ကင်တုံကျေးရွာနေ နန်းလွယ်က ပြောကြားသည်။



အစေ့ထုတ်ပြောင်းသီးနှံမျိုးကို CP-808 အထွက်ကောင်းမျိုးကို ရွေးချယ်ကာ ဇွန်လမှစ၍ စိုက်ပျိုးပြီး အပင်အရွယ်အစားအလိုက် ပေါင်းလိုက်ခြင်း၊ အပွင့်မပွင့်မီနှင့် အပွင့်ပွင့်ချိန်၊ သီးကင်းလိုက်ချိန်တွင် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အားဆေးများ ပက်ဖျန်းရကြောင်း၊ စတင်စိုက်ပျိုးချိန်မှ လေးလကျော်ပါက စတင်ခူးဆွတ်ခြင်း၊ အစေ့ခြွေခြင်း၊ နေလှန်းအခြောက်ခံခြင်းများ ပြုလုပ်ပြီးပါက ရောင်းချရကြောင်း၊ ယနေ့ပေါက်ဈေးအနေဖြင့် အစေ့ထုတ်ပြောင်း တစ်ပိဿာလျှင် ငွေကျပ် ၉၂၀ နှင့် ရောင်းချရသဖြင့် စိုက်ပျိုးစရိတ် သွင်းအားစုကုန်ကျမှု များသော်လည်း မိသားစုအတွက် အဆင်ပြေကြောင်း အဆိုပါတောင်သူက ပြောသည်။

မိုးနဲမြို့နယ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီကာလတွင် အစေ့ထုတ်ပြောင်းစုစုပေါင်း ၂၃၂၂၅ ဧကကို ဒေသခံတောင်သူများ စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)



## ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

ကော့သောင်း နိုဝင်ဘာ ၂၆

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၉၉ ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

### စနစ်တကျပို့ဆောင်

မြန်မာအလုပ်သမား စုစုပေါင်း ၉၉ ဦးတို့ကို ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိ အဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့် ကုမ္ပဏီသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

■

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

သာယာဝတီ နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(BDMC)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သာယာဝတီခရိုင်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

ရှေးဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် သင်တန်းကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးဖွင့်လှစ်၍ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ကြက်ခြေနီနှင့် ပရဟိတအဖွဲ့အစည်းများ တက်ရောက်သည်။



အဆိုပါ သင်တန်းကို ခရိုင်အဆင့်ဌာနဆိုင်ရာများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ၏

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## နည်းပညာတက္ကသိုလ်(ပင်လုံ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ပင်လုံ)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့က တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် နည်းပညာတက္ကသိုလ်(ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြင့်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပထမနှစ် ကျောင်းသား ကျောင်းသူများကို လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ မိမိတက်ရောက်နေသည့် ကျောင်း၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး ကျောင်း၏ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ ကျောင်းတွင်းအဆောင်နေ ကျောင်းသား ကျောင်းသူများအနေဖြင့် လိုအပ်ချက်၊ အခက်အခဲများကို သက်ဆိုင်ရာဌာနမှူးများ၊ ဆရာ ဆရာမများကို အချိန်နှင့် တစ်ပြေးညီ တင်ပြကြပြီး အကူအညီများ တောင်းခံနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်မှ ကထိကများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း မိတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ပင်းတယ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေး သင်တန်းဖွင့်လှစ်

**ပင်းတယ နိုဝင်ဘာ ၂၆**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)အသိပညာပေး သင်တန်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ပိုင်းက ပင်းတယမြို့နယ် ကျားကုန်းကျေးရွာအုပ်စု ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က သင်တန်းသား သင်တန်းသူ များအနေဖြင့် သင်တန်းတွင်ပို့ချပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာ ပေး သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချစေလို ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီဝင်းနှင့် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်း များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးအသိပညာဗဟုသုတ လက်ကမ်းစာစောင်များကို သင်တန်းသား သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေး သင်တန်းကို ကျားကုန်းခေတ်မီစံပြကျေးရွာမှ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းတွင် အာလူးစိုက်ပျိုးခြင်း၊ နေကြာစိုက်ပျိုးခြင်းအပါအဝင် အခြားစိုက်ပျိုးရေးဆိုင်ရာအသိပညာ ပေးသင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက တစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။ ဂျူ

## ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁ အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ မတ်လ ၃၁ ရက်အထိ ကြားကာလ ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းစုရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်နယ် သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ



တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့ဝင် များနှင့် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဆောင်ရွက်ခဲ့ပြီး ပြည်နယ်သမဝါယမ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ပြည်နယ် သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးတင့်တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု အတွင်းရေးမှူး ဒေါ်ဇင်ဇင်ခိုင်က အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ် များအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက်ရယူဆောင်ရွက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် အနားယူသွားသော ဝန်ထမ်းများအား အိုနာစာရန်ပုံငွေချီးမြှင့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူ ၂၃ ဦးအား ဆုချီးမြှင့်ခြင်း၊ ချေးငွေ ပုံမှန်ပေးဆပ်နိုင်သူ၊ စုဆောင်းငွေအများဆုံး စုဆောင်းနိုင်သူများအား ဆုချီးမြှင့်ခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် စုဆောင်း ငွေပေါ်အတိုးငွေကျပ် ၁၁၆ ဒသမ ၁၇၂ သိန်းအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

**မှော်ဘီ နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၂)ဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ်မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည် က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ သင်တန်းသား သုံးဦးတို့အား တာဝန်ရှိသူတို့က ဆုများ အသီးသီးပေးအပ် ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ခိုင်စိုးက သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



အဆိုပါ သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ အား စစ်ရေးပြ၊ မီးသတ်ပညာ၊ ရှာဖွေကယ်ဆယ်ရေး၊ အသက်ကယ်နည်း စနစ် ဘာသာရပ်များကို ရက်သတ္တ လေးပတ်ကြာ သင်တန်းသား ၅၀ အား စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပထမ(၆)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်ကျော်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို တင်ပြကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေက ယခုဘဏ္ဍာနှစ်တွင် ခရိုင်၊ မြို့နယ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို PowerPoint များဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်ကျော်ထွန်းက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၅၈၇၄ ဒသမ ၆၇ သန်းဖြင့် ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်းနှင့်အမာခံလမ်းစုစုပေါင်း ၅၇ လမ်း၊ ကွန်ကရစ်တံတား၊ ဘေလီကြိုးတံတား၊ Box Culvert နှင့် ရေပြွန် စသည့် တံတားစုစုပေါင်း ၁၆၁ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေထံမှ သိရသည်။

၂၂၂




# လပွတ္တာမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းဆောင်ရွက်

**လပွတ္တာ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက နိုဝင်ဘာ ၂၄ ရက်တွင်လပွတ္တာလုပ်မြောက်ကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ကျော်၏လယ်မြေတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးမြင့်ထွန်း၊ ခရိုင်/မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဝင်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများ၊ လပွတ္တာလုပ်မြောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဝင်းလွင်က မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကွင်းအမှတ် (၅၄၄) လပွတ္တာလုပ်မြောက်ကွင်းအတွင်းရှိ ပေါ်ဆန်းမျိုးကွဲ (ကောင်း)အဆင့်အတန်းကိုယ်စားပြု ဧရိယာ ၂၉ ဒသမ ၆၉ ဧကအတွက် တောင်သူ ဦးမြင့်ကျော်၏လယ်မြေ ဦးပိုင်အမှတ် (၇) ဧရိယာ ၁၂ ဒသမ ၁၀ ဧကအတွင်း စံကွက်အရွယ်အစား သုည ဒသမ ၀၀၁ ဧကကို ရိတ်သိမ်းခဲ့ရာ ခြောက်သွေ့ပြီး တစ်ဧက ၅၈ ဒသမ ၅၅ တင်း ထွက်ရှိခဲ့သည်။ လပွတ္တာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် မိုးစပါးစိုက်ဧရိယာ ၃၃၇၈၁၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ကွင်းအမှတ်(၇၀၉) ကျုံဖားတောင်ကွင်းအတွင်းရှိ ဆင်းသွယ်လတ်စပါးမျိုးကွဲ၏ (ကောင်း) အဆင့်အတန်း ကိုယ်စားပြုဧရိယာအတွက် တောင်သူဦးတင်စိုး၏ ဦးပိုင်အမှတ်(၁၀) ဧရိယာ ၂၂ ဒသမ ၆၄ ဧက စိုက်ပျိုးထားသော လယ်မြေအတွင်းမှ သုည ဒသမ ၆၉ ဧကအတွင်း စံကွက်အရွယ်အစား ဒသမ ၀၀၁ ဧကအား ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသောင်းနိုင်ဦးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးခိုင်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများတက်ရောက်ခဲ့ပြီး ဆင်းသွယ်လတ်စပါးမျိုး(ကောင်း) အဆင့်အတန်းကိုယ်စားပြု စံကွက်ကိုရိတ်သိမ်းခဲ့ရာ ခြောက်သွေ့ပြီး စပါးတစ်ဧကအတွက် ၁၀၁ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပြီးနောက် အဆိုပါ စံကွက်ရိတ်သိမ်းသည့် သကံဝကျေးရွာအုပ်စု၌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီမှ ဘိုကလေးမြို့နယ်အတွင်းရှိ ဒေါင့်ကြီးကျေးရွာအုပ်စု၊ စက်ဆန်းကျေးရွာအုပ်စုနှင့် ထော်ပိုင်ကျေးရွာအုပ်စုတို့ရှိ နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့ပေးအပ်ပွဲကျင်းပသည်။




မျိုးစေ့ပေးအပ်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က မိမိတို့ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ နေကြာစိုက်ပျိုးရန် ဧကပေါင်း ၂၂၀၀၀၀ ကျော် လျာထားလျက်ရှိပြီး ဘိုကလေးမြို့နယ်၌ နေကြာစိုက်ပျိုးဧက ၃၀၀ စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အန္တရာယ်ကင်းရှင်းသည့် နေကြာဆီထုတ်လုပ်စားသုံးနိုင်ရန် တောင်သူများအနေဖြင့် စိုက်ပျိုးရေးပညာရှင်များနှင့်ပူးပေါင်းကာ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဘိုကလေးမြို့နယ်အတွင်းမှ နေကြာစိုက်ပျိုးကြမည့် ဒေါင့်ကြီးကျေးရွာအုပ်စု၊ စက်ဆန်းကျေးရွာအုပ်စုနှင့် ထော်ပိုင်ကျေးရွာအုပ်စုတို့မှ တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်းများအား MV. HAILEY SARAH ဖြင့် Pre Construction Survey ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၁.၆၃၄၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၂၃၆၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၈၅၅၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၁၆၅၇၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၇၀၅၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၀၉၇၄၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၉.၂၁၀၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၆.၄၂၅၁၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်းများအား MV. HAILEY SARAH ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှလေးကီလိုမီတာပတ်လည်အတွင်းအားရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်သည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# လူဝီ

**သိပ္ပံမောင်ဝ**

မောင်လူအေး ရုံးမှပြန်လာသောအခါ လူဝီအတွက် စာတစ်စောင်ပါ၍လာလေသည်။ အိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်းပင် လူဝီအားခေါ်၍ ၎င်းစာကိုပေး၏။ လူဝီ၏မိန်းမ မယ်ဖောင် နေရပ်သို့ပြန်သွားသည်မှာ တစ်လခန့်ကြာလေပြီ။ လူဝီလည်း မိမိမိန်းမထံမှ ပေးလိုက်သောစာဟု ဒိဋ္ဌသိသောကြောင့် အားရဝမ်းသာလှမ်း၍ယူပြီးလျှင် စာကိုဖတ်ရန် အိမ်နောက်ဖေးသို့ ဝင်သွားလေသတည်း။

လူဝီဆိုသော အမည်မှာ ခပ်ဆန်းဆန်း။ ဆန်းရုံမျှမကသေး၊ ခမ်းလည်းခမ်းနားလှပေ၏။ လူဝီကား ကုလားအမည်မဟုတ်၊ မြန်မာအမည်လည်းမဟုတ်၊ အင်္ဂလိပ်အမည်လည်းမဟုတ်၊ ပြင်သစ်အမည်ဖြစ်လေသည်။ ပြင်သစ်အမည်မှာလည်း နုံချာသောအမည်မျိုးမဟုတ်၊ ပြင်သစ်ပြည်တွင် မင်းဆက်ပေါင်း နှစ်ဆယ်နီးပါးစိုးစံခဲ့ကြသော ဘုရင်အပေါင်းတို့၏အမည်ဖြစ်လေသည်။

ဤပြင်သစ်အမည်၏ပိုင်ရှင်ကား ပြင်သစ်လူမျိုးမဟုတ်၊ မြန်မာအစစ်ပင်ဖြစ်လေသည်။ အဘယ်ကြောင့် လူဝီဖြစ်နေပါသနည်း။ လူဝီ၏အဖေမှာ ဘရင်ဂျီဘာသာကို ကိုးကွယ်သော မြန်မာလူမျိုးဖြစ်သောကြောင့်တည်း။ အမိကား ဗုဒ္ဓဘာသာမြန်မာဖြစ်၏။ လူဝီ၏မွေးဖွားရာကား အထက်အညာ ညောင်ဦးနယ်ရှိ ရွာတစ်ရွာတွင်ဖြစ်လေသည်။ ထိုနေရာတစ်ဝိုက်ကား မြန်မာမင်းလက်ထက်တော်အခါက သန်လျင်ကိုနိုင်သဖြင့် သန်လျင်မှ ဘရင်ဂျီများကို ဖမ်းသွားပြီးလျှင် နေရာချရာတည်း။

လူဝီကိုမွေးဖွား၍ ခုနစ်ရက်အတွင်း ဘရင်ဂျီဘာသာ ထုံးစံအတိုင်း ဘာသာအတွင်းသို့ သွတ်သွင်းခြင်းခံရလေသည်။ ဘရင်ဂျီဆရာကြီးများက ၎င်းသူငယ်လေးအား လူဝီဟူသော ဘွဲ့တံဆိပ်ကိုခတ်နှိပ်၍ ပေးလိုက်လေသတည်း။ ထိုနေ့မှစ၍ လူဝီအမည်တွင်၏။

လူဝီ ငါးနှစ်ခန့်အရွယ်သို့ ရောက်လတ်သော် ဖခင်သေဆုံး၏။ အမိမှာ ဆင်းရဲသောကြောင့် လူဝီအား မောင်ရှိရာ မန္တလေးမြို့သို့ ပို့လိုက်ရရှာ၏။ လူဝီ၏ဦးလေးကား ဗုဒ္ဓဘာသာတည်း။ လူဝီအား ဘုန်းကြီးကျောင်း၌ထား၏။ ထိုနေ့မှစ၍ ဘရင်ဂျီဘဝမှ ဗုဒ္ဓဘာသာဘဝသို့ရောက်၍သွားလေတော့သတည်း။

ကြီးပြင်းလာသောအခါ အင်္ဂလိပ်နယ်ပိုင်တစ်ယောက်ထံတွင် စားပွဲထိုးအလုပ်ကို လုပ်ကိုင်နေ၏။ ထို့နောက် တစ်ဖန် ကြေးတိုင်ဝန်ထောက်ထံသို့ပြောင်း၏။ ထို့နောက် ကြေးတိုင်ဘက်တွင် သံကြိုးဆွဲဝင်၍လုပ်ပြန်၏၊ နောက်ဆုံး၌ မြေစာရင်းဌာနတွင် သံကြိုးဆွဲအလုပ်နှင့်ပင် နှစ်ပေါင်းတော်တော်ကြာအောင် လုပ်ကိုင်နေ၏။

ယခုအခါတွင်ကား မြေစာရင်းဘက်မှထွက်ပြီးလျှင် မောင်လူအေး၏ လူယုံဘဏ္ဍာစိုးဖြစ်လျက်နေ၏။ မောင်လူအေးထံသို့ ရောက်နေသည်မှာ တစ်နှစ်ကျော်ကျော်ကြာပေသည်။ အသက်ကား လေးဆယ်ခန့်ရှိ၏။

မောင်လူအေး၏အိမ်သို့ရောက်သည့်နေ့မှစ၍ အလုပ်ကို ကြိုးစား၍လုပ်၏။ မောင်လူအေးမှာလည်း သားမယားမရှိသေး။ လူပျိုဘဝနှင့်ပင် တစ်ယောက်တည်း နေထိုင်သူဖြစ်သောကြောင့် အစစအရာရာတွင် စောင့်ရှောက်ရ၏။ အိပ်ရာနေရာ၊ အစားအသောက်၊ အဝတ်အစားနေရာထိုင်ခင်းမှစ၍ အလုံးစုံမှာပင် လူဝီ၏တာဝန်သာဖြစ်လျက်နေ၏။

မောင်လူအေးမှာ ကောလိပ်ကျောင်းနေစဉ်ကပင် အဝတ်အစားအသုံးအစွဲ အထားအသိုတွင် စေ့စေ့စပ်စပ်မရှိ။ တော်စွာလျော်စွာ အဝတ်အစားကိုလည်း များစွာအရေးမလုပ်၊ စာကိုကြိုးစားသူဖြစ်လေသည်။ ဝန်ထောက်ဖြစ်လာသောအခါတွင်လည်း ရှေးကျောင်းသားဘဝကအကျင့်များမှာမပျောက်။ ရုံးမှပြန်လာသောအခါများတွင် မိမိ၏အင်္ကျီအဝတ်အစားကို ချွတ်ချင်သည့်နေရာ၌ ချွတ်ထားလေ့ရှိ၏။ အိပ်ရာနေရာများကိုလည်း အမှုမဲ့အမှတ်မဲ့သာ ထားလေသည်။ လူဝီလည်း မောင်လူအေး၏ ချွတ်ထားသော ပုဆိုး၊ အင်္ကျီ၊ ဖိနပ် အစရှိသည်တို့ကို ခေါက်တန်ခေါက်၊ လှန်းတန်လှန်း၊ နေရာတကျချထားလေ့ရှိ၏။ မောင်လူအေး နယ်လှည့်ထွက်သွားသောအခါတွင်လည်း လူဝီ နောက်မှထက်ကြပ်မကွာလိုက်ပါရ၏။ မောင်လူအေး ဗိုလ်တဲများသို့မရောက်မီပင်လျှင် မိမိရှေ့မှသွားနှင့်၍ ရေနွေးအိုးတည်လိုတည်၊ ထမင်းချက်လိုချက်၊ နေရာထိုင်ခင်းများကိုလည်း အသင့်ပြင်ဆင်ထား၏။ မောင်လူအေး ဗိုလ်တဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ရေချိုးရန်အသင့်၊ လက်ဖက်ရည် ကာဖီအသင့်၊ ထမင်းအသင့် ပြင်ဆင်လျက်ရှိ၏။

တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့မည်ဟု ပြောလိုက်ပြန်လျှင်လည်း အိပ်ရာလိပ်မှစ၍ ပြင်ဆင်သိမ်းဆည်းရန် ရှိသမျှသိမ်းဆည်းပြင်ဆင်ပြီးဖြစ်လျက်နေ၏။ လှည်းနှင့်သွားမည့်ခရီးမှာ လှည်းများအသင့်ပြင်ဆင်၍ထား၏။ မော်တော်ကားနှင့် သွားရမည့်ခရီးဖြစ်လျှင် မော်တော်ကား ငှားပြီးသားရှိနေ၏။ လှေနှင့်ခရီးသွားမည်ဖြစ်လျှင် လှေအသင့်ရောက်နေပြီ ဖြစ်လေသည်။

မောင်လူအေး အလိုရှိ၍ တစ်စုံတစ်ခုသောကိစ္စနှင့် ခိုင်းလိုက်သောအခါဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူထံသို့ မှာကြားရန်အတွက် စေခိုင်းလိုက်သောအခါဖြစ်စေ၊ ဆွေမျိုးမိတ်ဆွေတို့လာ၍ မီးရထား၊ သင်္ဘောတို့တွင် အကြိုအပို့ခိုင်းလိုက်သောအခါဖြစ်စေ သေသေသပ်သပ်၊ ကျကျနနစီမံဆောင်ရွက်သောကြောင့် မောင်လူအေး ပူပင်ရန်မရှိ၊ စိတ်ချရသောသူဖြစ်၏။

ငွေရေးကြေးရေးနှင့်ပတ်သက်၍လည်း များစွာစိတ်ချရသောသူတစ်ယောက်ဖြစ်လေသည်။ မောင်လူအေးသည် မိမိ၏ငွေကြေးများကို မေ့မေ့လျော့လျော့နှင့် ပစ်ထားလေ့ရှိ၏။ စားပွဲပေါ်တွင် ပစ်ထားလို့ပစ်ထား၊ အင်္ကျီအိတ်များထဲတွင် မေ့ထားလို့မေ့ထား၊ ခေါင်းအုံးအောက်တွင် မေ့ထားလို့မေ့ထား။ လူဝီ အင်္ကျီများကိုခေါက်သောအခါ၊ အိပ်ရာပြင်ဆင်သောအခါ၊ စားပွဲရှင်းလင်းသောအခါများ၌ ရသော ငွေ၊ ငွေစက္ကူများကို စုဆောင်းပြီးလျှင် မောင်လူအေးထံသို့ လာရောက်၍ပေးစမြဲဖြစ်၏။ ငွေကြေးနှင့် ခိုင်းလိုက်သောအခါများတွင်လည်း လျော့ပေါ့ခြင်းမရှိ။ စုံစုံစေ့စေ့ပြန်ပေး၏။ ဈေးဖိုးပေးသောအခါများတွင်လည်း ဖြတ်စားခြင်းကိုမပြု။ ဝယ်သမျှကို စာရင်းလုပ်၍ စာရင်းနှင့် ကျန်ငွေပါ ပြန်ပေးမြဲဖြစ်လေသည်။ ဤသို့ ဖြောင့်မတ်စိတ်ချရသော လူယုံဘဏ္ဍာစိုးကား လွန်စွာမှပင်ရှားလှပေ၏။

လူဝီ မောင်လူအေးထံတွင် အလုပ်ဝင်၍ နှစ်လခန့်ကြာလျှင် တစ်ယောက်နှင့်တစ်ယောက် အားထားရာများဖြစ်လျက်နေကြ၏။ လူဝီက မောင်လူအေးအပေါ်တွင် အားထား၏။ မောင်လူအေးကလည်း လူဝီအပေါ်တွင် အားထားလေသည်။ လူဝီသည် မောင်လူအေး၏ လက်ရုံးသဖွယ်ဖြစ်၏။ မောင်လူအေးမှာလည်း လူဝီ၏လက်ရုံးသဖွယ်ဖြစ်လေသည်။

တစ်ယောက်ကိုတစ်ယောက် အားထားရုံမျှမက ချစ်လည်းချစ်ခင်ကြ၏။ မောင်လူအေးက လူဝီ၏အပေါ်၌ အစေခံဟူ၍သဘောမထား၊ မိတ်ဆွေအရင်းအချာကဲ့သို့ပင် သဘောထားလေသည်။ မောင်လူအေး ပျင်းသောအခါများ၌ လူဝီအားခေါ်ကာ တောင်တောင်မြောက်မြောက် မေးမြန်းပြောဆိုလေ့ရှိ၏။ တစ်ရံတစ်ခါ တိုင်ပင်စရာရှိသည်များကိုပင် တိုင်ပင်လေ့ရှိ၏။ လူဝီ၏စိတ်ထဲတွင် မောင်လူအေးနှင့် မခွဲတော့ပြီဟု ဆုံးဖြတ်ထား၏။ မောင်လူအေးစိတ်ထဲတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်လေသည်။

မောင်လူအေးက ဤသို့အခွင့်အရေးပေးထားသော်လည်း အချို့သောအစေခံတို့ကဲ့သို့ မိမိတို့၏သခင်အပေါ်၌ အရိုအသေတန်ခြင်းမရှိ၊ မိမိသခင်၏ဂုဏ်၊ သခင်နာမည်ကို ရောင်းစားသော အစေခံမျိုးမဟုတ်။ မောင်လူအေးအား များစွာရိုသေ၏။ မည်သည့်အခါမဆို မောင်လူအေးနှင့် စကားပြောသောအခါ လက်နှစ်ဖက်ကို နောက်ပစ်ကာ မျက်နှာသေကလေးနှင့် ပြောကြားလေ့ရှိ၏။ တိုးတိုးသက်သာ ပြောလေ့ရှိ၏။ ယဉ်ယဉ်ကျေးကျေး ပြောလေ့ရှိ၏။

ဆရာတပည့်နှစ်ယောက်မှာ စိတ်အေးလက်အေး ပျော်ပျော်ကြီး နေထိုင်လျက်ရှိကြကုန်၏။ လူဝီသည် အလုပ်ပင်ပန်းသောအခါများ၌ သီချင်းတအေးအေးနှင့်နေ၏။ ပင်ပန်းသည်ဟူ၍ပင်မထင်၊ မောင်လူအေးလည်း ဤကဲ့သို့ပင် စာရေးရင်း၊ ရေချိုးရင်း သီချင်းတအေးအေးနှင့် နေလေ့ရှိ၏။

ယခု မောင်လူအေး မယားရသည်မှာ နှစ်လခန့်ကြာလေပြီ။ လူဝီ၌ အလုပ်နည်းပါး၍သွား၏။ လူဝီ၏မယား မယ်ဖောင်မှာလည်း ကိစ္စအထူးရှိသောကြောင့် နေရပ်အညာသို့ ပြန်သွားသည်မှာ တစ်လနီးပါးပင် ကြာလေပြီ။ ဤသို့ မယား အညာသို့ပြန်သွားပြီးသည့်နောက် လူဝီ၏မျက်နှာမှာ ရွှင်ပျခြင်းမရှိ၊ ၎င်း၏သီချင်းသံကိုလည်း မကြားရ၊ တစ်ခါတစ်ခါ တွေးတောနေဟန်ကိုမြင်ရ၏။ ရှေးကကဲ့သို့လည်း အလုပ်မတွင်။ ၎င်းအခြင်းအရာကို မောင်လူအေးမြင်လျှင် သနားမိ၏။

ရုံးမှယူလာသောစာကို လူဝီအား ပေးလိုက်ပြီးသည့်နောက် မောင်လူအေးသည် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲထိုင်ကာ လူဝီ၏အကြောင်းများကို တွေးတောပြီး သနားလျက်နေ၏။ ဤသို့တွေးတောနေခိုက်မှာပင် လူဝီသည် မရဲတရဲနှင့် အနားသို့လာပြီးလျှင် ရပ်၍နေ၏။ မောင်လူအေးလည်း အကြောင်းကိုမေး၏။ မယားမယ်ဖောင်က မိမိမမာသောကြောင့်ပြန်လာရန် စာရေးသဖြင့် ပြန်လိုကြောင်း ခွင့်တောင်း၏။ မည်မျှကြာမလဲဟုမေးရာ မပြောတတ်သေးဟုဖြေ၏။


မောင်လူအေးလည်း မိမိ၏လက်ရုံးသဖွယ်ဖြစ်သော လူယုံအားလွှတ်လိုက်ရမည်ကို ဝန်လေးလျက်နေ၏။ လူသစ်ရရန် မခဲယဉ်း၊ သို့သော် လူဝီကဲ့သို့ ယုံကြည်အားထားရသောသူကိုရရန် ဝန်လေးလှပေ၏။ မသွားရန် တားရမည်ကလည်း နာရေးကြောင့်အခက်၊ လွှတ်လိုက်ပြန်ပါကလည်း နောက်ပြန်မလာမည်ကိုစိုး၊ ဤသို့ ဟိုတွေးသည်တွေးနှင့်ပင် စကားမပြောဘဲ အတန်ကြာအောင် ဆိတ်ဆိတ်နေကြ၏။

လူဝီ၏ စိတ်ထဲတွင်လည်း ဤနည်းအတိုင်းပင် ခွဲရမည်ကို ခက်လျက်နေ၏။ အညာပြန်သွားပြီးနောက် မယားက ပြန်မလွှတ်မည်ကိုစိုး၏။ မောင်လူအေး အစေခံအသစ်တစ်ယောက်ရသွားလျှင် အလုပ်ပြန်ဝင်ရန်အခက်၊ မိမိထွက်သွားလျှင် မိမိကဲ့သို့ အားထားရသော အစေခံမျိုးကို မောင်လူအေးရမည်လော။ မိမိကဲ့သို့ ဂရုစိုက်မည်လော။ မိမိကဲ့သို့ပြုစုမည်လော၊ မသွားပြန်လျှင်လည်း မယားက မည်သို့ထင်မည်နည်း။ မယားနှင့် သမီးကလေးတို့မှာလည်း အားထားစရာမရှိ ဆင်းရဲ၍နေကြပေလိမ့်မည်။ မသွား၍မဖြစ်။ မောင်လူအေးအား ခွဲရမည်အခက်။ မယားထံမသွားကလည်း အခက်။ အခက်နှစ်ခက်ကြားတွင် ဆင်းရဲပွားလျက်နေတော့သတည်း။ ။

> **မောင်လူအေးက ဤသို့အခွင့်အရေးပေးထားသော်လည်း အချို့သောအစေခံတို့ကဲ့သို့ မိမိတို့၏သခင်အပေါ်၌ အရိုအသေတန်ခြင်းမရှိ၊ မိမိသခင်၏ဂုဏ်၊ သခင်နာမည်ကို ရောင်းစားသော အစေခံမျိုးမဟုတ်။ မောင်လူအေးအား များစွာရိုသေ၏။ မည်သည့်အခါမဆို မောင်လူအေးနှင့် စကားပြောသောအခါ လက်နှစ်ဖက်ကို နောက်ပစ်ကာ မျက်နှာသေကလေးနှင့် ပြောကြားလေ့ရှိ၏။ တိုးတိုးသက်သာပြောလေ့ရှိ၏။ ယဉ်ယဉ်ကျေးကျေးပြောလေ့ရှိ၏**

၁၉၃၁ ခုနှစ်၊ မေ၊ ဂန္ထလောက။

## ဝတ္ထုတို




### ငြိမ်းချမ်းအောင်(နတ်တလင်း)

**အခန်း (၁)**

ကိုလှဝင်းတစ်ယောက် အကိုင်းချိုင်ရမည့် ကုက္ကိုပင်ကိုမော့ကြည့်ရင်း လုပ်အားခကို ကြိုတင်တွက်ကြည့်နေသည်။ အပင်ခြေရင်းကနေလှဲရလျှင် အကြောင်းမဟုတ်သော်လည်း အပင်ပေါ်တက်ပြီး သစ်ကိုင်းခုတ်ရသည်မှာ အလုပ်များလှ၏။ ခုတ်ရမည့်အကိုင်းတွေကလည်းများနေသောကြောင့် အခါတိုင်းယူနေကျဈေးထက် ပိုတောင်းရမည်ဟု တွေးထားခဲ့လေသည်။ အကိုင်းချိုင်ရသည်မှာလည်း မလွယ်လှ။ လူပင်ပန်းသလောက် အသက်အန္တရာယ်လည်း များလှသည်။ သို့ပေမယ့် ကိုလှဝင်းအတွက်က ကိစ္စမရှိ။ အမြဲလုပ်နေကျ အလုပ်တစ်ခုမို့ သစ်ပင်ဘယ်လောက်မြင့်မြင့် အကိုင်းချိုင်ဖို့က သူ့အတွက် လွယ်ကူသောအလုပ်တစ်ခုပင်။ ရွာအနီးနားဝန်းကျင်က သစ်ပင်ခုတ် ထင်းချိုင်ဆိုလျှင် ကိုလှဝင်းကိုသာ အမြဲလာခေါ်ကြ၏။ ထို့ကြောင့် တော်ရုံလူမတက်ရဲ၍ အလွန်မြင့်သော သစ်ပင်တွေလည်း ကိုလှဝင်း၏ အသွားထက်လှသော ရဲတင်းခုတ်ချက်တွေအောက်မှာ ထင်းဖြစ်ခဲ့လေသည်။

**အခန်း (၂)**

"ဒီနေ့ သစ်ပင်ချိုင်ခတော့မရသေးဘူး မြကြည်ရေ၊ ကိုအောင်ထူးက နောက်ရက်မှပေါင်းပေးမယ်တဲ့၊ ဒါနဲ့ ဖိုးလုံး ဘယ်သွားလဲ"

ကိုလှဝင်း၏စကားကို မြကြည် ကြားပေမယ့် မကြားဟန်ဆောင်နေလိုက်သည်။ သည်နေ့ လုပ်အားခမရလို့လည်း ကိစ္စမရှိ။ အရေးအကြောင်းရှိလျှင် သုံးလို့ရအောင် မြကြည် ပိုက်ဆံစုထားသော စုဘူးလေး ခွဲလိုက်ရုံသာ။ ယခုမူ ကိုလှဝင်းက သားဖြစ်သူဖိုးလုံးကို မေးနေသောကြောင့် ဘာမျှပြန်မဖြေဘဲ နေလိုက်၏။ ကိုလှဝင်းက ဖိုးလုံးကို မေးနေသည်မှာ အကြောင်းမဲ့မဟုတ်ပေ။ အရက်ဝယ်ဖို့ ခိုင်းချင်သောကြောင့်ဖြစ်သည်။ တခြားအလုပ်တွေခိုင်းလျှင် အကြောင်းမဟုတ်သော်လည်း ကလေးအရွယ်လေးကို အရက်ဝယ်ခိုင်းသည်ကို မြကြည် မကြိုက်။ သည်ကိစ္စနှင့်ပတ်သက်၍ လင်မယားချင်း မကြာခဏ စကားများဖူးလေသည်။ ကိုလှဝင်း၏အလုပ်က အသက်အန္တရာယ်လည်း များလှသောကြောင့် မြကြည်က အရက်မသောက်စေချင်။ ယခင်ကလည်း ကိုလှဝင်းတစ်ယောက် အရက်မူးမူးနှင့် သစ်ပင်တက်ခုတ်သောကြောင့် အမြင့်ကနေ ပြုတ်ကျခဲ့ဖူးလေသည်။ ကံကောင်းထောက်မစွာဖြင့် မကျိုးမပဲ့ခဲ့ပေ။ အသက်အရွယ်လည်း ရလာပြီမို့ သည်လိုအဖြစ်မျိုး ထပ်ကြုံမှာကို မြကြည် ကြောက်လေ၏။ အရက်မသောက်ဖို့ မြကြည်က အတန်တန်တားပေမယ့် မရပေ။ ကိုလှဝင်းက အပြင်ကနေ သောက်မလာရလျှင် မြကြည် အလစ်မှာ သားဖြစ်သူဖိုးလုံးကို အရက်ဝယ်ခိုင်းတတ်လေသည်။

**အခန်း (၃)**

"မင်းသစ်ပင်က ခုတ်ရမယ့်ကိုင်းတွေများတယ်၊ ခါတိုင်းယူနေကျဈေးထက်တော့ပိုပေးကွာ"

ကိုလှဝင်း၏စကားကို ကိုအောင်ထူး ခေါင်းညိတ်ပြလိုက်သည်။ ကိုလှဝင်း ပြောသလို ခုတ်ရမယ့်အကိုင်းတွေများသလို တက်ရမှာလည်းမြင့်သောကြောင့် ကိုယ်တိုင်တက်မခုတ်ရဲ။ ဈေးပိုမပေးလျှင်လည်း ကိုလှဝင်းက သစ်ပင်ခုတ်ပေးမည် မဟုတ်ပေ။

"ပေးပါမယ်ဗျာ၊ ဒါနဲ့ ခင်ဗျားခုသစ်ပင်ချိုင်လို့ဖြစ်ပါ့မလား၊ နောက်နေ့မှလုပ်လည်းရပါတယ်"ဟု ကိုအောင်ထူးက ပြောလိုက်သည်။ သည်လိုမပြောလို့လည်းမဖြစ်။ အရက်သောက်ထားပြီး သစ်ပင်တက်ပါက မတော်တဆပြုတ်ကျခဲ့လျှင် တက်ခိုင်းသူမှာ တာဝန်ရှိလေသည်။ ထို့ကြောင့် ကိုအောင်ထူးက စိုးရိမ်စိတ်ဖြင့် ပြောသော်လည်း ကိုလှဝင်းက လက်မခံ။ လူကမူးနေပေမယ့် သစ်ပင်တက်သူတို့၏ထုံးစံအတိုင်း အပင်ရှေ့မှာ လက်အုပ်ချီ၍ ပါးစပ်ကလည်း တတွတ်တွတ်ရွတ်ဆိုနေ၏။ ထို့နောက် ရဲတင်းကို ခါးကြားထိုး၍ အပင်ပေါ်သို့ လျှင်မြန်စွာ တက်သွားခဲ့လေသည်။ သစ်ပင်ချိုင်သည့် အလုပ်က ကိုလှဝင်း၏ ကျွမ်းကျင်သော အလုပ်တစ်ခုမို့ အခက်အခဲမရှိလှ။ အကိုင်းမြေပေါ်ကျလျှင်ပဲ အလုပ်ပြီးပြီဖြစ်၏။ တခြားဖိုဝင်လုပ်သူတွေလို ကိုင်းဖျားထွင် ထင်းဖြတ်လည်း မလုပ်ပေးရသောကြောင့် အချိန်ကုန်သက်သာလေသည်။

"ဒီအပင်ခုတ်ပြီးရင် အရက်လိုက်တိုက်ဦး အောင်ထူးရေ၊ ဒီရက်ပိုင်း အိမ်မှာ ဝယ်သောက်နေရတာ ပေါ့ပျက်ပျက်နဲ့ ဘာလိုနေမှန်းကိုမသိဘူး" သစ်ပင်ပေါ်က နေပြီး အော်ပြောလိုက်သော ကိုလှဝင်း၏ စကားကို ကိုအောင်ထူးတစ်ယောက် ပြန်မဖြေတော့ဘဲ ပြုံးကြည့်ရင်းခေါင်းညိတ်ပြလိုက်တော့သည်။

**အခန်း (၄)**

သည်နေ့ သစ်ပင်ချိုင်ရသည်မှာ အပင်ငယ်လေးတွေဖြစ်နေသောကြောင့် သိပ်အားမစိုက်ရ။ ကိုလှဝင်း၏ အသွားထက်လှသော ရဲတင်းခုတ်ချက်တွေကြား အကိုင်းတွေ မြေပေါ်ကျခဲ့၏။ သစ်ပင်ချိုင်သည့်အလုပ်ဆိုသည်မှာလည်း လူက အားစိုက်ခုတ်နိုင်ရုံနှင့်မရပေ။ ဓားနှင့် ရဲတင်း ကောင်းကောင်းရှိမှ အလုပ်အမြန်ပြီးနိုင်၏။ ထို့ကြောင့် ကိုလှဝင်းက သစ်ပင်ချိုင်စရာမရှိလည်း ဓားနှင့် ရဲတင်းတွေကို အသွားထက်အောင် အမြဲသွေးထားခဲ့သည်။ အကိုင်းတွေ အကုန်ခုတ်ပြီးပြီမို့ သစ်ပင်ပေါ်ကဆင်းလာပြီး ခဏအမောပြေထိုင်ရင်း အရက်သောက်ချင်စိတ်ပေါ်လာခဲ့၏။ သည်သစ်ပင်ချိုင်ခအတွက် လုပ်အားခက ယူထားပြီးသားမို့ သည်နေ့ ထပ်ရစရာမရှိတော့။ ထို့ကြောင့် အိမ်ရောက်မှပဲ မြကြည်ဆီက ပိုက်ဆံတောင်း၍ သားဖြစ်သူ ဖိုးလုံးကို အရက်ဝယ်ခိုင်းဦးမည်ဟုတွေးရင်း အိမ်ကို အမြန်ပြန်လာခဲ့တော့သည်။

" ကိုလှဝင်း အရက်ဝယ်ပေးဖို့ခိုင်းရင် သွားဝယ်မပေးနဲ့နော်၊ ကလေးဆိုတာ အရက်ဆိုင်ကိုမသွားရဘူး သားရဲ့၊ သူဝယ်ခိုင်းလည်း မသွားချင်ဘူးပြောလိုက်ပေါ့" ဟု အမေဖြစ်သူ မြကြည်က ပြောလိုက်သည်။ သည်လို မပြောလို့လည်း မဖြစ်။ အရက်ကြောင့် ပျက်စီးသွားသော လူငယ်လေးတွေ ပတ်ဝန်းကျင်မှာရှိနေသည်ကို မြကြည် မြင်တွေ့နေရသည် မဟုတ်လား။ ထို့ကြောင့် သားဖြစ်သူ ဖိုးလုံးအတွက် စိုးရိမ်စိတ်ဖြင့် သတိပေးနေခဲ့သည်။

"အဖေ အရက်ဆိုင်မှာ သွားသောက်နေတာထက် အိမ်မှာသောက်မယ်ဆို ပိုကောင်းမယ်ထင်လို့ သား မငြင်းဘဲ သွားဝယ်ပေးနေတာပါ အမေရဲ့၊ ဒီလို ဝယ်ပေးလိုက်တာ အဖေ့အတွက် အများကြီးအကျိုးရှိတယ် အမေ" ဟု ရယ်ကျဲကျဲနှင့်ပြောနေသော သားဖြစ်သူ၏စကားကြောင့် မြကြည် အံ့သြသွားခဲ့သည်။

" ပြောပါဦးသားရဲ့၊ ဘာတွေအကျိုးရှိတယ်ဆိုတာ"

"အဖေ သားကို အရက်ဝယ်ခိုင်းပြီဆိုရင် သားက ပုလင်းတစ်ဝက်ပဲ ဝယ်လာတာ အမေရဲ့၊ ပြီးတော့ ပုလင်းပြည့်အောင် ရေရောထည့်ပေးလိုက်တာ၊ ဒီလိုလုပ်လိုက်ရင် အဖေအရက်သောက်လည်း မမူးတော့ဘူးပေါ့၊ ဒါဆို အဖေနဲ့အမေ ရန်လည်းမဖြစ်တော့ဘူးလေ၊ ပိုတဲ့ပိုက်ဆံတွေလည်း သားမသုံးပါဘူး အမေ့ရဲ့၊ စုဘူးထဲမှာ ထည့်ထားတယ်"

သားဖြစ်သူဖိုးလုံးဆီက မထင်မှတ်ထားသောစကားကြောင့် မြကြည်တစ်ယောက် အံ့သြဝမ်းသာစိတ်ဖြင့် မျက်ရည်တွေ စီးကျလာခဲ့လေသည်။ ထို့နောက် မိဘအပေါ်သိတတ်သော သားဖြစ်သူကို တင်းတင်းကျပ်ကျပ်ဖက်ထားရင်း သည်အကြောင်းကို ယောကျ်ားဖြစ်သူ ကိုလှဝင်းတစ်ယောက် မသိရလေအောင် လျှို့ဝှက်ထားရဦးမည်ဟုတွေးရင်း အိမ်ဦးခန်းက စုဘူးလေးကို လှမ်းကြည့်နေခဲ့လေတော့သည်။

**အဖေ သားကို အရက်ဝယ်ခိုင်းပြီဆိုရင် သားက ပုလင်းတစ်ဝက်ပဲ ဝယ်လာတာ အမေရဲ့၊ ပြီးတော့ ပုလင်းပြည့်အောင် ရေရောထည့်ပေးလိုက်တာ၊ ဒီလိုလုပ်လိုက်ရင် အဖေ အရက်သောက်လည်း မမူးတော့ဘူးပေါ့၊ ဒါဆို အဖေနဲ့အမေ ရန်လည်းမဖြစ်တော့ဘူးလေ၊ ပိုတဲ့ပိုက်ဆံတွေလည်း သား မသုံးပါဘူးအမေ့ရဲ့၊ စုဘူးထဲမှာ ထည့်ထားတယ်**

## ပညာအလင်း ထိန်ထိန်လင်း

**စဉ်းစားဉာဏ် ဆုံးဖြတ်ချက်**
**သွက်လက်လျက် မြန်ဆန်သည်။**
**ပညာကို အလေးထား**
**သင်သွားရမည်။**
**လေ့လာလျက် လက်လှမ်းမီ**
**ကြိုးစားအတည် ဘဝခရီး။**
**ပညာဉာဏ် အသိရှိမှ**
**သတိကကြီး။**
**ပညာအလင်းရောင် တန်ဆောင်မီး**
**ထိန်ထိန်ညီး လောကကို။**
**အလင်းပေးကာ အမှောင်ခွင်း**
**ထွန်းလင်းပိုမို။**
**လောကအလှ တေးသွားချို**
**အေးချမ်းပို နေပျော်ရင်း။**
**ပညာဂုဏ် ပညာအလှက**
**တင့်ကြကောင်းခြင်း။**
**မကောင်းမှုဟူ ထိုအခင်း**
**ရှောင်ကာကွင်း ပညာဉာဏ်။**
**ကိုယ့်ဝန်းကျင် နိုင်ငံအကျိုး**
**ဖွံ့ဖြိုးစေပြန်။**
**အကျင့်စာရိတ္တ ကောင်းလှဟန်**
**အကြောင်းကမှန် ပညာအလင်း။**
**အလိမ္မာ**
**မမှိန်ပါ အဆိုးအညစ်တွေကိုလ**
**ခွင်းပစ်နိုင်မင်း။ ။**

မြင့်မိုရ်လင်း(ချောင်းဆုံ)

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကောင်းမှုဝေဖြာနံနက်ချိန်ခါ

အရုဏ်ကျင်းလို့ မိုးသောက်လျှင်
ဆွမ်းပန်းရေချမ်းတင်၊
ချမ်းမြေ့ကြည်လင် စိတ်ထဲက
မေတ္တာတွေပို့သ။
အိပ်တန်းထစ ကျေးငှက်တွေ
ခွန်းဆင့်တေးသံချွေ၊
အစာလေးတွေ တောင်းနေကြ
နေ့စဉ်ကျွေးနေကျ။
စောစောထလို့ လမ်းမတွင်
အမှိုက်တွေသုတ်သင်၊
ရေအိုးစင်တွင် ရေတွေဖြည့်
နံနက်ခင်းတိုင်းစေ့။
တို့ရွာဓလေ့ ဆွမ်းခံဝင်
ကြေးစည်သံလွင်လွင်၊
ဆွမ်းတွေပြင်ဆင် လောင်းလှူကြ
သဒ္ဓါထက်သန်စွ။
နေ့စဉ်ပြုရ ကောင်းမှုတွေ
ကုသိုလ်အမျှဝေ၊
ရကြပါစေ မိတ်ဆွေများ
သာဓုခေါ်စေသား။ ။

အောင်ကျော်ဦး(ပန်းသခင်)

## နတ်ရေးမမီ ဆောင်းပန်းချီ

ပင်မြင့်ထက်မှာ ရနံ့မွှေး
သဇင်ပန်းဖွေးဖွေး၊
မြောက်ပြန်လေသွေး ခဝဲဝါ
ပွင့်ကြအပြိုင်ပါ။
ပန်းခွာညိုက အဆင်းလှ
ကြည့်ရှုလို့မဝ၊
ဆိပ်ဖလူးက သင်းပျံ့နေ
သစ်ခွရောင်စုံဝေ။
ရွှေပန်း ငွေပန်း ဂုဏ်တင့်ဆန်း
ပုန်းညက်တွေကလန်း၊
စံပယ်ပန်းက အဆင်းဖြူ
စွဲမက်ကြတမူ။
ကလူကျီစယ် နှင်းမှုန်ကြား
လိပ်ပြာလေးတွေနား၊
လှအားပါဘိ ဆောင်းပန်းချီ
နတ်ရေးလို့မမီ။
စာစီကာတွေး ကဗျာရေး
မြောက်လေပက်ဖျန်းသေး။
ကြည်နူးရတယ်လေ။ ။

ခင်နွဲ့မူ (ပုလဲ)

ဆောင်းပါး

# နှလုံးသားမှာ မေတ္တာတရား ပေါင်းထည့်ပါ

မင်းသိန်းထက်(ဇလပ်မြေ)

ကျွန်ုပ်တို့ လူသားများအပါအဝင် သတ္တဝါတိုင်းသည် ပူလောင်ခြင်းနှင့် အေးမြခြင်းတွင် အေးမြခြင်းကိုသာ နှစ်သက်ကြမည်ဖြစ်သည်။ မေတ္တာသည် အေးမြခြင်းသဘောရှိပေသည်။ ထို့ပြင် မေတ္တာတရားသည် ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်ပေးသည်။ ကျောက်ဆောင်ကျောက်ခဲတို့ကို ညင်သာသောရေစီးက အနိုင်ယူတိုက်စားနိုင်သကဲ့သို့ ပူလောင်ပြင်းထန်သော ဒေါသပေါင်းစုံကို မေတ္တာတရားဖြင့် အောင်နိုင်ပေသည်။

**မေတ္တာစွမ်းအားဖြင့် အောင်မြင်တော်မူ**

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီများဖြည့်ကျင့်ခဲ့ရာတွင် မေတ္တာပါရမီလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ ထို့ပြင် ဘုရားဖြစ်တော်မူမည့်ဘဝ၌ သဗ္ဗညုတဉာဏ်တော် မရရှိမီနှင့် မဟာပရိနိဗ္ဗာန် စံဝင်တော်မမူခင်အချိန်အထိ ရန်သူအပေါင်းကို မေတ္တာစွမ်းအားဖြင့် အောင်မြင်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခါနီးအချိန်တွင် မာရ်နတ်သည် လက်နက်ပေါင်းစုံ၊ သတ္တဝါဆိုးပေါင်းစုံနှင့် တိုက်ခိုက်နှောင့်ယှက်လေသည်။ မြတ်စွာဘုရားရှင်၏ မေတ္တာအစွမ်းကြောင့် မာရ်နတ်ပစ်ခတ်လိုက်သော လက်နက်အပေါင်းသည် ပန်းများ၊ နံ့သာများအဖြစ် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ ဦးခိုက်ကြရလေသည်။ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ စသောသူတို့ကို မေတ္တာစွမ်းပကားဖြင့် အောင်နိုင်တော်မူခဲ့သည်။ ထို့ပြင် မေတ္တာအစွမ်းဖြင့် အောင်နိုင်ခဲ့သော မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးကို ကြည့်လျှင် မေတ္တာသည် ကြီးမားသော စွမ်းအင်ဖြစ်ကြောင်း သိနိုင်ပါသည်။

ထိုသို့ စွမ်းအင်ကြီးမားပြီး အကျိုးကျေးဇူးပါကြီးမားသော မေတ္တာတရားကို သုံးမျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ "ကာယကံ မေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာ"ဟူ၍ ဖြစ်သည်။ ဥပမာအားဖြင့် မိဘတို့သည် သားငယ်၊ သမီးငယ်တို့ကို အပူအချမ်းမှ ကင်းဝေးစေရန် ပြုစုပေးကြသည်။ မှက်၊ ခြင်၊ ယင် မသန်းရအောင် စောင့်ရှောက်ပေးကြသည်။ အသက်အရွယ်အလိုက် သား၊ သမီးတို့အပေါ်တွင် မိဘများသည် စေတနာ၊ မေတ္တာကြီးမားစွာဖြင့် ပြုစုစောင့်ရှောက်ပေးကြသည်။ ဤသည်မှာ သား၊ သမီးတို့အပေါ်တွင် ထားရှိသော မိဘတို့၏ ကြီးမားသည့် "ကာယကံ မေတ္တာတရား" ပင်ဖြစ်သည်။ "ဝစီကံ မေတ္တာ"ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ဖြူစင်သော စိတ်ထားဖြင့် မေတ္တာတရားကို လက်ကိုင်ထားကာ နှုတ်ဖြင့် ပြောဆိုခြင်းပင်ဖြစ်သည်။ ရှိသေထိုက်သူကို ရှိသေခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု စသည်ဖြင့် နှုတ်မှ ဆုတောင်းမေတ္တာ ပို့သခြင်းသည် "ဝစီကံ မေတ္တာ"ကို ပြုခြင်းပင်ဖြစ်သည်။ ထို့ပြင် ကိုယ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း မဟုတ်ဘဲ မိမိစိတ်ထဲမှ လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ စသည်ဖြင့် မေတ္တာပို့သခြင်းသည် "မနောကံ မေတ္တာ" ပြုခြင်းပင်ဖြစ်သည်။

မေတ္တာတရားသည် ကမ္ဘာလောကကြီး သာယာရေးအတွက် မရှိမဖြစ်လိုအပ်သော လောကငြိမ်းချမ်းရေးတရားလည်းဖြစ်သည်။ မေတ္တာသည် အလျားအနံ မရှိသော်လည်း အသွားအပြန်ရှိပေသည်။ ကာယကံဖြင့်ဖြစ်စေ၊ ဝစီကံဖြင့်ဖြစ်စေ၊ မနောကံဖြင့်ဖြစ်စေ စစ်မှန်သောမေတ္တာကို ပို့လွှတ်ထားရှိပါက နှစ်ဦးနှစ်ဖက်လုံး မေတ္တာ၏ အကျိုးကျေးဇူးကို ရရှိကြမည်ဖြစ်သည်။ လက်တွေ့ဘဝတွင်လည်း မေတ္တာပို့ခြင်းခံရသူထက် မေတ္တာပို့ပေးသူက စိတ်၏ငြိမ်းချမ်းခြင်းကို ဦးစွာရရှိကြပေသည်။ ထို့ကြောင့် အခြားသူများအပေါ်တွင် မေတ္တာထားရှိခြင်းကြောင့် အကျိုးကျေးဇူးမဲ့သွားခြင်းမျိုး မရှိပေ။

**မေတ္တာထားခြင်း၏ ကောင်းကျိုး**

မြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်အခါကလည်း ရဟန်းငါးရာတို့သည် ကြောက်မက်ဖွယ်အဆင်း၊ အသံ၊ အနံ့တို့ဖြင့် ခြောက်လှန့်ကြသော မကောင်းဆိုးဝါးများ၏ရန်ကို မေတ္တာသုတ်တော်ရွတ်ဆိုကာ မေတ္တာပွားခြင်းဖြင့် အေးချမ်းစွာ တရားအားထုတ်နိုင်ခဲ့လေသည်။ ထို့ပြင် ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူတို့သည် မေတ္တာပွားသူ ဥတ္တရာပါသိကာ အမျိုးသမီးအပေါ်သို့ ရေအေးအနေဖြင့်သာ ကျရှိခဲ့ပုံ၊ ဆင်မနင်းဝံ့သော မေတ္တာပွားသူ မာဃလုလင်နှင့် ရွာသားများ စသည်တို့မှာ မေတ္တာထားခြင်း၏ ကောင်းကျိုးသာဓကများပင် ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်သည့် ဆက်ဆံရေးဖြင့် သာယာသော လူ့ဘောင်လောကကို ဖန်တီးနိုင်မည်မဟုတ်ပေ။ မေတ္တာတရားတို့ ပျက်ယွင်းပါက ဒေါသများက အစားထိုး ဝင်ရောက်လာတတ်ပါသည်။ ဒေါသဖြစ်နေသူ၏ မျက်နှာသည် အလိုလို ပူလောင်ကာ အိုမင်းအကျည်းတန်သွားရပါသည်။ မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသမှာ လူတို့၏ စိတ်နှလုံးကို လောင်မြိုက်စေပါသည်။

မေတ္တာတရားသည် စမ်းရေလို အေး၍ လရောင်ကဲ့သို့ကြည်ရွှင်ချမ်းမြေ့စေပါသည်။ ထို့ပြင် မေတ္တာပွားသူတို့သည် "အိပ်သော် ချမ်းသာ၊ နိုးကား သုခ၊ မြတ်လှ အိပ်မက်၊ နှစ်သက် လူတို့၊ နတ်တို့ ချစ်ခင်၊ နတ်ပင် စောင့်ရှောက်၊ မီးရေ မဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည် မျက်နှာ၊ သေလျှင် မမှိုင်၊ ဗြဟ္မာတိုင်သား ဆယ့်တစ်ပါး" ဟူသော မေတ္တာအကျိုးဆယ့်တစ်မျိုးကို ဧကန်မုချ ရရှိကြပေမည်။

အချုပ်အားဖြင့်ဆိုရသော် မေတ္တာတရားသည် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကြီးကို တည်ထောင်ရာ၌ အဓိကကျလှပါသည်။ ပူလောင်ပြင်းထန်သော ပြဿနာပေါင်းစုံကို အောင်မြင်နိုင်သည့် စွမ်းအားတစ်ရပ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် လောကငြိမ်းချမ်းရေးအတွက် လူသားတိုင်း လက်ကိုင်ထားရမည့် ဗြဟ္မစိုရ်တရားလေးပါးမှ တစ်ပါးအပါအဝင်ဖြစ်သည့် မေတ္တာတရားကို နှလုံးသားမှာ ပေါင်းထည့်နိုင်သော လူသားများ ဖြစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

> **"မြတ်စွာဘုရားရှင်၏ မေတ္တာအစွမ်းကြောင့် မာရ်နတ်ပစ်ခတ်လိုက်သော လက်နက်အပေါင်းသည် ပန်းများ၊ နံ့သာများအဖြစ် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ ဦးခိုက်ကြရလေသည်။ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ စသောသူတို့ကို မေတ္တာစွမ်းပကားဖြင့် အောင်နိုင်တော်မူခဲ့သည်။ ထို့ပြင် မေတ္တာအစွမ်းဖြင့် အောင်နိုင်ခဲ့သော မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးကို ကြည့်လျှင် မေတ္တာသည် ကြီးမားသော စွမ်းအင်ဖြစ်ကြောင်း သိနိုင်"**

## လမြတ်နတ်တော်

ဓနုရာသီ နတ်တော်မည်
နက္ခတ်မိဂသီ။
ငွေနှင်းရည်တို့ ပက်ကာဖျန်း
ဂမုန်း၊ သဇင်လန်း။
လှူဖွယ်မုန့်ဆန်း ဆွမ်းဦးတင်
ကောက်သစ်စားပွဲဆင်။
တို့ကျေးဇူးရှင် တောင်သူများ
တိုင်းပြည်တွက်ခွန်အား။
စာပေများစွာ ရေးသားကာ
လူသားအကျိုးရှာ။
အသိပညာ အမွေထား
ရှေးစာဆိုတော်များ။
ဂါရဝထား ကန်တော့ရာ
စာဆိုတော်များစွာ။
နတ်တော်ဦးမှာ ကျင်းပကြ
စာဆိုတော်နေ့ဗျ။
လမြတ်နတ်တော် ကောက်သစ်ပေါ်
တောင်သူများပြုံးပျော်။
စာဆိုတော်များ ချီးမြှောက်စား
မွန်မြတ်ဓလေ့များ။ ။

ထက်သခင်(သုံးဆယ်)

## လမ်းလျှောက်ကြပါစို့

စောစောထလို့ တို့တစ်တွေ
လမ်းလျှောက်ကြစို့လေ။
ခြေတွေလက်တွေ မြှောက်ကာယမ်း
သွေးပူလေ့ကျင့်ခန်း။
စိတ်ရွှင်လန်းလို့ ပြုံးပျော်ရွှင်
ရောဂါကင်းပစင်။
နေ့စဉ်တိုင်းပင် ပြုလုပ်ပေး
ကိုယ်လက်ကြံ့ခိုင်ရေး။
ဆီးချို သွေးတိုး လေရောဂါ
တားဆီးကာကွယ်ရာ။
အဝလွန်တာ ထိန်းလို့ထား
ဝိတ်ချဆေးတစ်ပါး။
လမ်းလျှောက်သွားရင်း လေကိုရှူ
နှလုံးစိတ်ကြည်ဖြူ။
ရောဂါမထူ ကျန်းမာဖို့
လမ်းလျှောက်ကြပါစို့။ ။

မိုးခန့်ကျော်(မြစ်သား)

# ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အထူးဦးစားပေး အကောင်အထည်ဖော်

---- မျိုးမြတ်မိုး (MANA) ----

မြန်မာ့ရော်ဘာသည် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာတွင် ပြည်ပတင်ပို့ စိုက်ပျိုးရေးထွက်ကုန်တစ်မျိုးဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အရေးပါသည့် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် သံနှင့် သံမဏိလုပ်ငန်းပြီးလျှင် ဒုတိယအကြီးမားဆုံးလုပ်ငန်းဖြစ်သည်။ ရော်ဘာတင်ပို့သည့် နိုင်ငံပေါင်း ၉၀ ခန့်ရှိသည့်အနက် အာရှနိုင်ငံများမှ တင်ပို့မှုသည် ၈၀ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်သို့ ၁ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေးသည်။ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်းနှစ်သိန်းခန့်ထွက်ရှိပြီး ရှစ်သောင်းခန့်ကိုသာ တရားဝင်လမ်းကြောင်းမှတင်ပို့နေပြီး ကျန်ရှိသည့် ရော်ဘာများမှာ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်။

ရော်ဘာစိုက်ပျိုးရာတွင် ဧက ၂၀ အောက်ပိုင်ဆိုင်သည့် ခြံငယ်ရှင်များ၏ကဏ္ဍသည် စိုက်ဧရိယာအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ကို နေရာယူထားသည်ဖြစ်ရာ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံငယ်ရှင်များ ကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင် အဓိက ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုမှုများပြားလာမှုနှင့်အတူ တာယာလိုအပ်ချက်ကြီးမားလာသည့်အလျောက် တာယာများ နိုင်ငံအတွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းအားဖြင့် သွင်းကုန်တန်ဖိုး လျှော့ချနိုင်သကဲ့သို့ ပြည်တွင်းရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအတွက် ဈေးကွက်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်လာမည်ဖြစ်သည်။



### ဈေးကောင်းမရရှိခြင်း၊ ဈေးအနိမ့်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရ

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍသည် ရော်ဘာစိုက်ပျိုးသည့် အခြားနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းရော အရည်အသွေးပါ နိမ့်ကျနေသေးသည့်အတွက် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းမရရှိခြင်း၊ ဈေးအနိမ့်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ရော်ဘာစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိပြီး ဧကရှစ်သိန်းသည် အစေးလှီးနိုင်သည့် အနေအထားတွင်ရှိသဖြင့် အရည်အသွေးနှင့် ဈေးကွက်ကောင်းမွန်ပါက အားထားရသည့် ပြည်ပပို့ကုန်တစ်ခုဖြစ်လာနိုင်သည်။ ရော်ဘာသည် ကမ္ဘာတစ်ဝန်းတွင် မော်တော်ကားတာယာလုပ်ငန်းကြီးများ၏ ဝယ်လိုအား တစ်နေ့တခြားများပြားနေသည့်အပြင် စက်မှုထုတ်ကုန် အတော်များများတွင်လည်း အသုံးပြုနေရသည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးရေးကို ဆန်စပါးနည်းတူ အထူးဦးစားပေး အကောင်အထည်ဖော်နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေအများအပြား ရရှိနိုင်မည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်လာမည်ဖြစ်သည်။

မြန်မာ့ရော်ဘာကဏ္ဍတွင် အထွက်ကောင်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးမှုအားနည်းခြင်း၊ ပင်အိုနှင့်မျိုးညံ့ရော်ဘာခြံများကို စနစ်တကျ ပြန်လည်စိုက်ပျိုးမှုမရှိခြင်း၊ ခေတ်မီစိုက်ပျိုးထိန်းသိမ်းမှု နည်းစနစ်များအား လိုက်နာကျင့်သုံးမှုအားနည်းခြင်း၊ အရည်အသွေး ထိန်းကွပ်စစ်ဆေးမှုနှင့် အာမခံမှုစနစ်မရှိခြင်း၊ ချေးငွေရရှိရန် အကန့်အသတ်များရှိနေခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ ဈေးကွက်တွက်ခြေကိုက်မှုမရှိခြင်းတို့မှာ အဓိကအဟန့်အတားများဖြစ်နေသဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူတို့မှာ ယင်းလုပ်ငန်းတစ်ခုတည်းဖြင့် ရပ်တည်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော်ခန့် တင်ပို့ခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၃၆၀ ခန့် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၁၀၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၀ ကျော် တင်ပို့ခဲ့သည်။

> ရော်ဘာစိုက်ပျိုးရာတွင် ဧက ၂၀ အောက် ပိုင်ဆိုင်သည့် ခြံငယ်ရှင်များ၏ ကဏ္ဍသည် စိုက်ဧရိယာအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ကို နေရာယူထားသည်ဖြစ်ရာ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံငယ်ရှင်များ ကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင် အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုမှုများပြားလာမှုနှင့်အတူ တာယာလိုအပ်ချက် ကြီးမားလာသည့်အလျောက် တာယာများ နိုင်ငံအတွင်း လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းအားဖြင့် သွင်းကုန်တန်ဖိုး လျှော့ချနိုင်သကဲ့သို့ ပြည်တွင်းရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအတွက် ဈေးကွက်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်လာမည်

### ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်း ပိုမိုရရှိခဲ့

မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလအတွင်း ဒေါ်လာ ၁၃ ဒသမ ၉၃၅ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ တန်ချိန် ၉၂၆၀ ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာတန်ချိန် ၁၀၆၀ ကျော် တင်ပို့ခဲ့သည်။ အောက်တိုဘာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၂၆၈၀ ဖြစ်ကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်း ရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်း ရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရော်ဘာအများဆုံး စိုက်ပျိုးကြသည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာအား တရုတ်ကို အဓိက တင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များ စသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

### အခွင့်အလမ်းသစ်များ ဖန်တီးမည်

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက် ပစ္စည်းများကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက်ဝန်ဆောင်မှု ကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့လည်းပါဝင်သည်။

### ပါဝင်ပတ်သက်သူအားလုံးပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များ စသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် မူဝါဒများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခြံငယ်ရှင်များအတွက် နည်းပညာနှင့်ချေးငွေများ ကူညီခြင်း၊ အရည်အသွေးမြင့်ရော်ဘာ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများဖြန့်ဝေပေးခြင်း၊ သုတေသနများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းတို့ကို အဆောတလျင် လုပ်ဆောင်နိုင်ပါက မြန်မာ့ရော်ဘာထုတ်လုပ်မှု အရည်အသွေး၊ အရေအတွက် တိုးတက်မြင့်မားရေးနှင့် ဈေးကွက်ရရှိရေးတို့ကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာ၌ မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းပညာများ ကူညီပံ့ပိုးမှုဖြင့် မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ ပြည်ပန်းကျေးရွာတွင် စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါမျိုးစေ့ထုတ်နေကြာသီးနှံများကို ပြည်ပန်းကျေးရွာ ကွင်းအမှတ်(၂၀၀) ဦးပိုင်အမှတ်(၂၁/ခွဲ-၂)နှင့် (၃၁/ခွဲ-၁) တောင်သူဦးညိုတင်၏မြေ လေးဧကတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျနည်းပညာကူညီမှုများဖြင့် စိုက်ပျိုးထားခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်း အထက်ရှိသော ရေဆင်းစပ်မျိုး(၁)နေကြာမျိုးများကို တစ်ဧကသုံးပြည်အသုံးပြုပြီး သတ်မှတ်အပင်ဦးရေ ၂၉၀၀၀ ဝင်ဆံ့စေရန် တန်းကြား နှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် တစ်ကျင်းလျှင်မျိုးစေ့နှစ်စေ့နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေတွင်းအစိုဓာတ်လုံလောက်ချိန်တွင် အနက်တစ်လက်မခွဲမှ နှစ်လက်မထက် မနက်စေဘဲ စနစ်တကျစိုက်ပျိုးလျက်ရှိကြောင်းနှင့် သွင်းအားစုအနေဖြင့် တစ်ဧကနွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်းငါးစီးမှ ၁၀ စီး၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင် ထယ်ရေးပြင်ချိန်တွင် အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်းစိုက်ပျိုးကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ်တွင် ဆောင်းနေကြာသီးနှံများကို တိုက်နယ်(၁)တွင် ၃၃၆ ဧက၊ တိုက်နယ်(၂) တွင် ၇၄၇ ဧက၊ တိုက်နယ်(၃)တွင် ၃၆ ဧက၊ တိုက်နယ်(၅)တွင် ခြောက်ဧက၊တိုက်နယ်(၆)တွင် ဧက၂၃၀၊ တိုက်နယ်(၇)တွင် ၇၄ ဧက၊ တိုက်နယ်(၈)တွင် ဧက ၁၁၉၀၊ တိုက်နယ်(၉)တွင် ၂၅ ဧက၊ တိုက်နယ်(၁၀)တွင် ၄၁၈ ဧက၊ တိုက်နယ်(၁၁)တွင် ၃၈ ဧက၊ တိုက်နယ်(၁၂)တွင် ၄၂ ဧက စုစုပေါင်း ဧက ၃၁၄၀ စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ သိရသည်။

သက်မောင်(ကျောက်ဆည်)

❂ ကျောဖုံးမှ

ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်း (International Industrial Port AIIP )မှ နိုဝင်ဘာ ၂ ရက်တွင် ရောဟသ်ာကုမ္ပဏီမှ MV MCL-7 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်စတင် တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် MV MCL-21 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁၅ တန်ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် MV MCL-12 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို လည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် MV MCL-18 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကိုလည်းကောင်း တင်ပို့ခဲ့ရာ ဆန်တန်ချိန်စုစုပေါင်း ၁၀၅၆၅ တန်ကို တင်ပို့ခဲ့ပြီးဖြစ်သည်။ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်များတင်ပို့ရာတွင် ဧည့်မထဆန် ၅မတ်၊ ၅၀ ကီလိုဂရမ် အလေးချိန်ရှိ ဆန်အိတ်ပေါင်း ၂၁၁၃၀၀ ကို တင်ပို့ခဲ့ခြင်းဖြစ်ပြီး ဒုတိယအသုတ်အနေဖြင့် ဆက်လက်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့နိုင်မှုဖြင့် နိုင်ငံတော်၊ တောင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းမှုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက “ပထမတစ်ဖြတ်ကို တန်ချိန် နှစ်သောင်း၊ ဒုတိယတစ်ဖြတ်ကို တန်ချိန်လေးသောင်းနဲ့ စုစုပေါင်းတန်ချိန် ခြောက်သောင်း တင်ပို့ဖို့နဲ့ စဉ်ဆက်မပြတ်တင်ပို့နိုင်အောင် တက်ညီလက်ညီ ဆောင်ရွက်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းကနေဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တိုက်ရိုက် တင်ပို့တဲ့အတွက် တိုင်းဒေသကြီးရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တောင်သူတွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ပိုမိုပွင့်လန်းစေတဲ့အပြင် နိုင်ငံတော်အနေနဲ့လည်း စက်သုံးဆီချွေတာနိုင်မှုကို ရရှိစေပါတယ်။ နိုဝင်ဘာ ၂၂ ရက်မှာ လေးကြိမ်မြောက် သင်္ဘောနဲ့ဆန်တန်ချိန်စုစုပေါင်း ၁၀၅၆၅တန် တင်ပို့ပြီးပါပြီ။ ဌာနအနေနဲ့ ပြည်ပကို ဆန်တင်ပို့ရာမှာ လုပ်ငန်းမြန်ဆန်ဖို့အတွက် ပူးပေါင်းဆောင်ရွက်နေပြီး ကြိတ်ခွဲပြီးဆန် အသင့်ရှိတဲ့ အချိန်နှစ်ပတ်ကျော်သုံးပတ်ဆိုရင် ဒုတိယအသုတ် ဆန်တင်ပို့ဖို့အတွက် သင်္ဘောဆိုက်ကပ်ဖို့ရှိနေပါတယ်”ဟု ပြောကြားသည်။

တိုင်းဒေသကြီးမှ ထွက်ရှိသော စပါးများကိုကြိတ်ခွဲ၍ တိုက်ရိုက်တင်ပို့မှု၏ အကျိုးကျေးဇူးအဖြစ် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့သော ကုန်ကျစရိတ်များစွာ သက်သာစေခဲ့ပြီး ဆန်စက်များနှင့် လုပ်ငန်းရှင်များ အထွေထွေကုန်ကျစရိတ်သက်သာမှုဖြင့် မူလဝင်ငွေထက်သာလွန်သော ဝင်ငွေများကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပသို့တင်ပို့သောဆန်များ အရည်အသွေးပြည့်မီစေရန်နှင့် မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပို့ကုန်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဒီဇင်ဘာလဒုတိယပတ်တွင် ပို့ကုန်ဒုတိယအသုတ်အဖြစ် ပထမဆုံးသင်္ဘော ဝင်ရောက်မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သောဆန်များကို ဆက်လက်တင်ပို့နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များ၌ ဆန်များကို ကြိတ်ခွဲလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ-သတင်းစဉ်

ဓာတ်ပုံ -ကနူး

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အာမခံထားရှိမှုလုပ်ငန်းများဆိုင်ရာ သိကောင်းစရာဟောပြောပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အသက်အာမခံထားရှိမှုဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက်က မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် CHUBB Life Insurance Myanmar Co; မှ Financial Advisor ဒေါ်နန်းနီနီအောင်က CHUBB Life Insurance Myanmar Co;အကြောင်းသိကောင်းစရာများကို မိတ်ဆက်ပြောကြားသည်။ ထို့နောက် Senior Agency Manager ကိုနန္ဒလင်းက သင်္ဘောသားများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အသက် ၁၈ နှစ်မှ ၅၅နှစ်အထိ ထားရှိနိုင်မည့် အသက်အာမခံအကြောင်း၊ အသက် ၇၄ နှစ်အထိရရှိခံစားနိုင်မည့် ကျန်းမာရေးအာမခံ၊ မတော်တဆအာမခံနှင့် ပြင်းထန်သည့် ရောဂါအာမခံအကြောင်းတို့ကိုရှင်းလင်းပြောကြားသည်။


ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ဖြည့်စွက်ပြောကြားရာတွင် မြန်မာသင်္ဘောသားများသည် အငြိမ်းစားပင်စင်လစာမရှိသည့် ဝန်ထမ်းများဖြစ်ကြကြောင်း၊ မိမိတို့နောင်ရေးအတွက်ကြုံတွေ့နိုင်မည့်ကျန်းမာရေးနှင့် အခက်အခဲများကိုအာမခံစနစ်ဖြင့် အကာအကွယ်ရယူထားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များက မိမိတို့နှင့် သင့်တော်မည့်အာမခံစနစ်များကို ဆွေးနွေးမေးမြန်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

မျိုးမင်းသူရ

# အနုပညာ

## ခရစ်ဝူ ထောင်ဒဏ် ၁၃နှစ် ချမှတ်ခံရ



တရုတ်တေးသံရှင်နဲ့ သရုပ်ဆောင် တစ်ဦးဖြစ်သူ ခရစ်ဝူကို တရုတ်တရားရုံးတစ်ခုက ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခဲ့ကြောင်း စွန်ပီဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း အမျိုးသမီးတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုအတွက် သံသယရှိတာကြောင့် ခရစ်ဝူကို ဖမ်းဆီးထိန်းသိမ်းခဲ့တာဖြစ်ပြီး လတ်တလောမှာ ဘေဂျင်းတရားရုံးက သူ့ကို ထောင်ဒဏ် ၁၃ နှစ်ကျခံဖို့ အမိန့်ချမှတ်ခဲ့တာပါ။ နိုဝင်ဘာ ၂၅ ရက်မှာ ဘေဂျင်းတရားရုံးက ခရစ်ဝူပြစ်မှုထင်ရှားတွေ့ရှိရတာကြောင့် အမိန့်ချမှတ်ခဲ့တာဖြစ်ပါတယ်။ တရားရုံးရဲ့ ထုတ်ပြန်ချက်အရ ခရစ်ဝူဟာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း အမျိုးသမီးသုံးဦးအပေါ် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပါတယ်။



## ယူကျူမှာ မှတ်တိုင်သစ် စိုက်ထူခဲ့တဲ့ Blackpink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Blackpink ဟာ လတ်တလောမှာ ယူကျူမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ကြောင်း စွန်ပီဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Kill This Love ရဲ့တေးဗီဒီယိုဟာ လတ်တလောမှာ ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုသူအရေအတွက် ၁ ဒသမ ၇ ဘီလီယံ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ နိုဝင်ဘာ ၂၅ ရက်မှာ အဆိုပါအရေအတွက် ပြည့်မြောက်ခဲ့တာဖြစ်ပြီး ဒါဟာ ကြည့်ရှုသူ ၁ ဒသမ ၇ ဘီလီယံပြည့်မြောက်တဲ့ Blackpink ရဲ့ ဒုတိယမြောက် တေးဗီဒီယိုလည်း ဖြစ်ပါတယ်။

## နှစ် ၂၀ ကြာပြီးနောက် နောက်ဆက်တွဲတေးအယ်လ်ဘမ်သစ် ဂျနီဖာလိုပက်ဇ် ထုတ်လွှင့်မည်

ကျော်ကြားတဲ့ တေးသံရှင်နဲ့ သရုပ်ဆောင် တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်က လွန်ခဲ့တဲ့ နှစ် ၂၀ က ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်အတွက် နောက်ဆက်တွဲတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှာဖြစ်ကြောင်း လတ်တလောမှာ အသိပေးခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၂၅ ရက်မှာ ဂျနီဖာလိုပက်ဇ်က တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာပါ။ ၂၀၀၂ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ် This Is Me... Then ရဲ့ နောက်ဆက်တွဲတေးအယ်လ်ဘမ်ထုတ်လွှင့်မှာဖြစ်ကြောင်း ဂျနီဖာလိုပက်ဇ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်သစ်ကို This Is Me... Now လို့ အမည်ပေးထားပြီး ယခင်တေးအယ်လ်ဘမ်မှာလိုပင် ခင်ပွန်းဖြစ်သူ ဘန်အက်ဖ်လက်ခ်နဲ့အကြောင်းတွေ ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်မှာ တေးသီချင်း စုစုပေါင်း ၁၃ ပုဒ်ပါဝင်မှာဖြစ်ပြီး လာမယ့်နှစ်အတွင်း စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

အေးပြည့်- စုစည်းသည်

# ဆောင်းရာသီအသင်းလိုက်ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ကကြီးမှူးပြီး ရှိုင်ရွယ်ဒီမှ ကူညီပံ့ပိုးပြုလုပ်သည့် ၂၀၂၂ ခုနှစ် ဆောင်းရာသီဖိတ်ခေါ်အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းအမျိုးသား ရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ရာ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် ကစားသမား အမျိုးသား အမျိုးသမီးအရောတစ်သင်းလျှင် ငါးယောက်ပါဝင်သော အသင်း ၄၅ သင်းပါဝင်ပြီး ပထမအဆင့်အုပ်စု ၁၅ စုခွဲ၍ တစ်အုပ်စုလျှင် သုံးသင်း အုပ်စုပတ်လည် ယှဉ်ပြိုင်ကြဖြစ်သည်။ ထို့နောက် တစ်အုပ်စုလျှင် အသင်း နှစ်သင်းတက်ကာ ပထမအဆင့် ရှုံးထွက်ပုံစံဖြင့် ကစားကြသည်။

စားပွဲတင်တင်းနစ်အားကစားနည်းကို လူအများသိရှိလာစေရန်၊ ပြိုင်ပွဲဝင် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိစေရန်၊ ပြိုင်ပွဲဝင် အားကစားသမားများ ကျန်းမာသန်စွမ်းလာစေရန်နှင့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းသင်ကြားပေးနိုင်ရန်ရည်ရွယ်ကာ ၂၀၂၂ ခုနှစ် ဆောင်းရာသီဖိတ်ခေါ် အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ဆုဖလားများ ချီးမြှင့်မည်ဖြစ်ပြီး ငွေသားဆုကြေးအဖြစ် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်းနှင့် နှစ်သိမ့်ဆု နှစ်သိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ ပြိုင်ပွဲအား နိုဝင်ဘာ ၂၈ ရက်ထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဗလစိုး**

## ○ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ

YREO အသင်းက ၁၁ ပွဲကစား ခြောက်မှတ်ရရှိထားပြီး တနင်္သာရီအသင်းမှာမူ ၁၁ ပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း မျှော်လင့်ချက်ရှိနေပြီး သစ္စာအားမာန်အသင်းသည် ယနေ့ကစားမည့် နောက်ဆုံးနေ့တွင် ပွဲမပါဝင်သဖြင့် အား/ကာသိပ္ပံနှင့် မြဝတီပွဲရလဒ်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။

လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် သစ္စာအားမာန်အသင်းထက် ဂိုးကွာခြားချက်အသာရထားသဖြင့် နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆုကာကွယ်နိုင်မည်ဖြစ်ပြီး သရေ သို့မဟုတ် ရှုံးနိမ့်ပါက သစ္စာအားမာန်အသင်းက ချန်ပီယံဆုရရှိမည်ဖြစ်သည်။ မြဝတီအသင်းသည် ချန်ပီယံမျှော်လင့်ချက်မရှိသော်လည်း အနိုင်ရပါက ဒုတိယနေရာရယူနိုင်မည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

သုဝဏ္ဏကွင်း၌ကျင်းပမည့် မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ကိုညီလေး**

## ❖ ဩစတြေးလျအသင်းမှ

တူနီးရှားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် တက်လှမ်းခွင့်ရရှိရေး မျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့ပြီ ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆားဘီးယားအသင်း၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချီလီအသင်းနဲ့ ပွဲစဉ်တို့မှာ တင်ကာဟေးလ်က ဩစတြေးလျအသင်းအတွက် ခေါင်းတိုက်ဂိုး သွင်းယူပေးခဲ့ပြီး နောက်ပိုင်း မစ်ချဲလ်ဒူကီဟာ ဩစတြေးလျအသင်းအတွက် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခေါင်းတိုက်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပထမဆုံး ဩစတြေးလျ ကစားသမား ဖြစ်လာခဲ့ပါတယ်။

နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စု(A)ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နယ်သာလန်အသင်းနဲ့ အီကွေဒေါအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် အစောပိုင်းပွဲစဉ်မှာ ဆီနီဂေါအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ အိမ်ရှင်ကာတာအသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကနေ စောစီးစွာထွက်ခွာခဲ့ရပြီ ဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(C)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပိုလန်အသင်းနဲ့ ဆော်ဒီအာရေဗျအသင်းတို့ပွဲစဉ်မှာတော့ပိုလန်အသင်းက ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပိုလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၉ မိနစ်မှာ ဇီလန်စကီးနဲ့ ပွဲကစားချိန် ၈၂ မိနစ်မှာ လီဝန်ဒိုစကီးတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-( ၃၆ )၊ဘုရင့်နောင်လမ်း၊မြေကွက်အမှတ်( ၃၇ )ဟုခေါ်တွင်သည့်(၀.၀၅၅)ဧကအကျယ်ရှိ ဦးကျော်ရှိန်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်အမွေဆက်ခံပြီးလက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူများဖြစ်ကြသောဒေါ်နီလာရှိန်၁၂/အစန(နိုင်)၁၃၄၀၁၃နှင့်ဒေါ်ချယ်ရီရှိန်၁၂/အစန(နိုင်)၁၆၀၅၂၄တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တရားလွှတ်တော်ရှေ့နေများ (PYT LAW FIRM)
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၅၇၇၁၄ ၊၀၉၉၅-၅၀၅၇၇၁၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊သီရိခေမာရပ်ကွက်၊သီရိလမ်း၊အမှတ်(၂၁)၊၂ခန်းတွဲ(၆)ထပ်တိုက်၊မြေညီထပ်-ခေါင်းရင်းခန်း၊(၁၂½ပေ X ၅၀ပေ)အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအောင်အောင်ထွေး ၁၂/စခန(နိုင်)၀၆၅၃၀၁ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တရားလွှတ်တော်ရှေ့နေများ (PYT LAW FIRM)
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၅-၇၇၁၄ ၊၀၉-၉၅-၅၀၅-၇၇၁၄

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

(ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

(ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

(င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၀ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

(စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

(ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

(ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

(ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

(ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

(ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

(ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

(ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်သော သီရိပျံချီဘွဲ့တံဆိပ်ကို **ဦးဇော်ဇော်နိုင်(ခ) Shri MG Thangaraja** ဒုတိယဥက္ကဋ္ဌ (ဟိန္ဒူ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ဥက္ကဋ္ဌဦးဝေလွင်ဖြိုး နှင့်တိုင်းဒေသကြီးကော်မတီဝင်များမှ အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း တက်ရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်-

အသင်းဝင်များ အခမဲ့ တက်ရောက်နိုင်ပြီး အသင်းဝင်မဟုတ်သူများလည်း သင်တန်းတက်ရောက်နိုင်ပါသည်။ အသင်းဝင်မဟုတ်သူများထံမှ သင်တန်းကုန်ကျစရိတ် ၁၅၀၀၀ိ/-တိတိကောက်ခံမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်သူတိုင်းအား သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

အကျိုးဆောင်မှတ်ပုံတင်လက်မှတ်အား သက်ဆိုင်ရာဌာနမှ ထုတ်ပေးနိုင်ရန်အတွက် သင်တန်းတက်ရောက်သူတိုင်းအား သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **သင်တန်းကျင်းပမည့်နေ့** | - | ၃-၁၂-၂၀၂၂(စနေနေ့) |
| **သင်တန်းကျင်းပမည့်နေရာ** | - | Great Wall Hotel ၊ ၇၈ လမ်း၊ ၄၃ လမ်းနှင့် သိဒ္ဓိလမ်းကြား၊ မန္တလေးမြို့။ |
| **သင်တန်းကျင်းပမည့်အချိန်** | - | မွန်းလွဲ(၁၂:၃၀)နာရီမှ (၃:၃၀)နာရီထိ |

အသင်းဝင်များအတွက် အိမ်ခြံမြေပညာပေးသင်တန်းကို (၁၅-၁၂-၂၀၂၂)မှ (၁၆-၁၂-၂၀၂၂)နေ့တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်လိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါသည်-

| | | |
|---|---|---|
| ၁။ | ဦးရန်အောင် | (၀၉-၇၇၇၇၁၇၇၅၈) |
| ၂။ | ဦးကိုကိုအောင်(ခ) ဦးစိန်ကတုံး | (၀၉-၇၉၇၄၄၄၄၇၀) |
| ၃။ | MRPDA ရုံးဖုန်း | (၀၉-၄၄၁၁၅၇၉၃၇) |
| ၄။ | RPADAMR ရုံးဖုန်း | (၀၉-၅၃၅၂၃၅၀) |

## ကန့်ကွက်နိုင်ပါသည်

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇-၂)၊ ဦးပိုင်အမှတ်(၁၅၈)၊ ဂရန်မြေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၅၈)၊ ရတနာလမ်းသွယ်(၈)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့ ဟုခေါ်တွင်သော (ရေမီးအစုံ) လူနေအိမ်အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်**တို့ကို ကိုယ်ပိုင်ငွေကြေးဖြင့် တန်ဖိုးငွေအပြေအကျေပေးချေဝယ်ယူလက်ရောက်ရ၊ ပိုင်ဆိုင်၊ ပြန်လည်ရောင်းချခွင့်ရှိသူ ဦးပြည်ဘုန်းမော်[၉/ပဥလ(နိုင်)၀၂၀၈၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာချက်ပါသည့်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း(မအူပင်)(B.A,H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈)**
**အမှတ်-၁၆၂၊ ပထမထပ်(ယာ)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၉၅၁၈**

## "ဒေါ်မိုင်ဇေနွေနွေကျော်[၁၂/အစန(နိုင်)၁၃၉၃၇၂]နှင့် အများသိစေရန်ကြော်ငြာ"

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဝင်း [၁၂/မရက(နိုင်)၀၁၀၀၄၁]၏ ဇနီးဖြစ်သူ (ဘ) ဦးကျော်ခင်၏ သမီး ဒေါ်မိုင်ဇေနွေနွေကျော်သည် (၂၂-၁၁-၂၀၂၂)ရက်တွင် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ၎င်းသည် ခင်ပွန်းဖြစ်သူ ကျွန်ုပ်မိတ်ဆွေအား အသိပေးခြင်းမရှိဘဲ နေအိမ်မှဆင်းသွားသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် မည်သို့မျှ ပတ်သက်ရန်အကြောင်းမရှိတော့ပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေမှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နန့်ရှုဂေးခလိန် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**


သူဓမ္မာလမ်းမပေါ် ၂ ထပ်တိုက်ရောင်းမည်

စီးပွားရေးလုပ်ရန်နေရာကောင်း။
မဥက္ကလာအဝိုင်းအနီး။ ဃ-စျေးရှေ့။
၂ ထပ်တိုက်။ အောက်ထပ် HALL ။
အပေါ်ထပ် MB1, SB1 ။
၂၀ပေ× ၅၀ ပေ (မြေပိုပါ)။
သိန်း (၄၇၀၀) ညှိနှိုင်း ☎ 09 43021001


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၆)လမ်း၊ အမှတ်(၇၃၈/က)၊ (၁)ခန်းတည်း RC (၆)ထပ် အဆောက်အဦ၏ စတုတ္ထထပ်၊ (၅-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မိုးသန္တာလှိုင်[၁၂/ဒဂန(နိုင်)၀၂၇၇၃၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ပြည့်စုံ[၇/တငန(နိုင်)၁၅၃၇၉၁]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်စုံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၄၄)ဟုခေါ်တွင်သော တိုက်၏(၃လွှာ/ခြေရင်းခန်း)၊ (မျက်နှာမူလျှင် လက်ဝဲဘက်)၊ အကျယ်အဝန်း(အလျား၁၅ပေ x အနံ၆၀ပေ)ရှိ တိုက်ခန်းနှင့်၊ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ခင်ဆွေနှင်း[၁၂/သဃက(နိုင်)၁၁၃၃၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမင်း(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## (၂၀-၁၁-၂၀၂၂) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆) ပါ ဒေါ်မြင့်မြင့်အေး၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေ ဒေါ်ရတနာလှိုင် (စဉ်-၁၄၉၆၄)မှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအား ကန့်ကွက်ခြင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၆)တွင် နေထိုင်ခဲ့သော ဦးအေးမောင်နှင့် ဇနီး ဒေါ်ခင်လှတို့တွင် (၁) ဦးကိုကို၊ (၂) ဒေါ်သီတာ၊ (၃) ဦးစိုးသိန်း၊ (၄) ဦးမြင့်စိုး၊ (၅) ဒေါ်မီမီခင် ဟူ၍ သား/သမီး (၅)ဦးမွေးဖွားထွန်းကားခဲ့ပါသည်။

သားအကြီးဖြစ်သူ ဦးကိုကိုနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့တွင် (၁) မဥမ္မာကို၊ (၂) မသူဇာကို၊ (၃) မဖြူဖြူကို၊ (၄) မခင်မို့မို့ကို၊ (၅) မခင်သက်သက်ကို ဟူ၍ သမီး(၅)ဦး မွေးဖွားထွန်းကားခဲ့ပါသည်။

ဦးမြင့်စိုးမှာ ဒေါ်စိုးစိုးခင်နှင့် အိမ်ထောင်ကျသော်လည်း သားသမီး မထွန်းကားခဲ့ပါ။

ဦးအေးမောင်နှင့် ဒေါ်ခင်လှတို့သည် မိသားစုပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား သား/သမီးများ၏ အမည်များဖြင့် ထားရှိခဲ့ပါသည်။ မိသားစုဝင်များသည် အထည်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ခဲ့ကြပြီး ၎င်းလုပ်ငန်းမှရရှိသော အမြတ်ဝင်ငွေကို မိသားစုဝင်များတို့ ခွဲဝေပေးခြင်းဖြင့် သုံးစွဲခဲ့ကြခဲ့ပါသည်။

မဥမ္မာကိုမှာ ကိုဝင်းဇော်နှင့် အိမ်ထောင်ကျပြီး မော်လမြိုင်မြို့၊ မန္တလေးရပ်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၆)တွင် ခင်ပွန်းဖြစ်သူ ကိုဝင်းဇော် မိသားစုနှင့် အတူတကွနေထိုင်ကြပြီး သီးသန့်စီးပွားရေးလုပ်ကိုင်စားသောက်သူဖြစ်ပါသည်။

ဒေါ်မြင့်မြင့်အေးမှာ သမီး မဖြူဖြူကိုနှင့်အတူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉) လမ်း၊ အမှတ်(၃၄)၊ ဒုတိယထပ်၊ (၃)လွှာ၊ ညာဘက်တိုက်ခန်းတွင် သီးသန့်နေထိုင်ပြီး မိသားစုပိုင်လုပ်ငန်း၏ ဝင်ငွေမှရရှိသော အကျိုးအမြတ်များဖြင့် နေထိုင်စားသောက်သူဖြစ်ပါသည်။

ဦးအေးမောင်၊ ဒေါ်ခင်လှတို့မှ ဆင်းသက်လာသော အမွေဝေစုပစ္စည်းများနှင့်ပတ်သက်၍ မဥမ္မာကို [၁၀/မလမ(နိုင်)၀၀၀၄၃၁]၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကိစ္စအဝဝတို့ကို ပြုလုပ်ခြင်းကို တားမြစ်ကြောင်းနှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်မည်ဖြစ်ကြောင်း မဥမ္မာကို၏ ဆန္ဒကို ဖော်ထုတ်ပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကိုလည်း လုံးဝလက်မခံနိုင်ကြောင်း ကန့်ကွက်ကြော်ငြာအပ်ပါသည်။

**ဒေါ်ဥမ္မာကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသာထွန်း (B.A,R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၁) (၃၀-၅-၈၀)**
**အမှတ်-၂၀၂၊ ဥက္ကာ(၇)လမ်း၊ ဂ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၁-၉၆၉၉၄၈၄၊ ၀၉- ၄၂၁၁၃၉၃၅၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀၊၂၀၂၀-၂၀၂၁၊၂၀၂၁-၂၀၂၂ ပညာသင်နှစ်များမှ အောက်ဖော်ပြပါ ဘွဲ့သင်တန်း အောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

**အပ်နှင်းမည့်ဘွဲ့များ-**

(က) ပါရဂူဘွဲ့(ဝါဏိဇ္ဇဗေဒ) Ph. D (Commerce)
(ခ) မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ M. Econ (Statistics).
(ဂ) မဟာဝါဏိဇ္ဇဗေဒဘွဲ့ M. Com
(ဃ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA-မိတ္ထီလာ) သင်တန်းအမှတ်စဉ် (၁၅)၊ (၁၆) (MBA-နေပြည်တော်)သင်တန်းအမှတ်စဉ်(၁)၊(၂) နှင့် (MBA-မန္တလေး) သင်တန်းအမှတ်စဉ် (၈) အပါအဝင်
(င) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA-မိတ္ထီလာ)သင်တန်းအမှတ်စဉ်(၁၅)၊ (၁၆) (MPA-နေပြည်တော်)သင်တန်းအမှတ်စဉ်(၁)၊(၂)နှင့်(MPA-မန္တလေး)သင်တန်းအမှတ်စဉ်(၄) အပါအဝင်
(စ) ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF- နေပြည်တော်) သင်တန်းအမှတ်စဉ် (၁)
(ဆ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS- နေပြည်တော်) သင်တန်းအမှတ်စဉ် (၁)
(ဇ) ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ (PG Dip in PPA- နေပြည်တော်) သင်တန်းအမှတ်စဉ်(၄)
(ဈ) စာရင်းအင်းပညာဘွဲ့လွန်ဒီပလိုမာ (PG Dip in Stats-နေပြည်တော်) သင်တန်းအမှတ်စဉ် (၄)
(ည) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ၊ စာရင်းအင်းပညာ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့

**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်**

| | | |
|---|---|---|
| ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်မည့်ရက် | - | ၆-၁-၂၀၂၃ |
| ဘွဲ့နှင်းသဘင် ကျင်းပမည့်နေ့ရက် | - | (၇-၁-၂၀၂၃) မှ (၈-၁-၂၀၂၃) ထိ |
| ကျင်းပမည့်နေရာ | - | မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ |
| တက်ရောက်ဘွဲ့နှင်း သဘင်ကြေး | - | ကျပ်- ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့နှင်း သဘင်ကြေး | - | ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| ဘွဲ့လျှောက်လွှာ လက်ခံမည့်ရက် | - | ၂၈-၁၁-၂၀၂၂ မှ ၂၁-၁၂-၂၀၂၂ ထိ |

မှတ်ချက် ။ ။(၁)ဘွဲ့နှင်းသဘင်ကျင်းပမည့်အသေးစိတ်အစီအစဉ်များကိုမိတ္ထီလာစီးပွားရေးတက္ကသိုလ်(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန) တွင် ကြေညာပေးမည်ဖြစ်ပါသည်။
(၂) သတ်မှတ်ထားသည့် ဘွဲ့နှင်းသဘင်လျှောက်လွှာဖြင့် လျှောက်ထားရမည်။
(၃) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မတိုင်မီ ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၄)တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (2"+ 1½") ဓာတ်ပုံ (၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ တင်ပြလျှောက်ထားရမည်။
(၅) ရပ်ဝေးမှလျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။
(၆)မြန်မာ့ယဉ်ကျေးမှုနှင့် မညီညွတ်သည့် သရုပ်ပျက်ဝတ်စားလာသော ဘွဲ့ယူမည့်သူများနှင့် ဧည့်သည်များကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ လုံးဝတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။

**သင်တန်းရေးရာဌာန**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၉)၊ မဟာမြိုင်လမ်း၊ မြေကွက်အမှတ်(၄၃၉/က)၊ စတုရန်းပေ(၁၂၀၀)၊ အလျား(၂၀ပေ x အနံ၆၀ပေ)ရှိ အိမ်နှင့်မြေသည် ရန်ကုန်မြို့တော်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်လှိုင် အမည်ပေါက်အဖြစ် တည်ရှိသည်။ ဒေါ်တင်တင်လှိုင်သည် (၁၈-၁၂-၂၀၀၉)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏သားသမီးများထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိန်အေး[၁၂/ဗဟန(နိုင်) ၀၆၇၁၂၁]၊ ဒေါ်စန်းစန်းဝင်း[၁၂/ဗဟန(နိုင်)၀၆၄၂၁၃] သည် အိမ်မြေပိုင်ဆိုင်မှုစာချုပ်မူရင်းနှင့် ဂရန်မူရင်းတို့ကိုပြသ၍ မြေနှင့်အိမ်အား ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B, LL.M(Internation Law), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**


မီးဘေးရှောင် မလောင်ခင်တား

## ရန်ကုန်မြို့၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်နှင့်လူနေရပ်ကွက်အမှတ်(၃/ရန်ပြေ)ရန်အောင်လမ်း၊မြေကွက်အမှတ်(၆၈၂/ခ)ရှိသော(၂၀'x၆၀')ရှိသော၊ဒေါ်ခင်ဝင်း(၁၂/ဒပန(နိုင်)၀၃၄၆၁၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်နှင့် မြေပေါ်ရှိ အမှတ်(၁၄/ခ)၊ ရန်အောင်လမ်း၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ် သောနေအိမ်ကို နှစ်(၆၀) မြေငှါးဂရန်တွင်တရားဝင်အမည်ပေါက်သူ-ဒေါ်ခင်ဝင်း(၁၂/ဒပန(နိုင်) ၀၃၄၆၁၇)ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ် မေသူဝမ်း(၆/မအရ(နိုင်)၀၈၈၀၂၇)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ် ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၉၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူလမ်း၊ အမှတ်(၃/၇၇)နေ ဒေါ်ခင်ဖြူဝင်း[၁၂/ရကန(နိုင်)၀၆၅၇၂၉] (ဘ) ဦးဝင်းသိန်းနှင့် ဦးစိုးသန်း [၁၂/ရကန(နိုင်)၀၄၈၄၆၁](ဘ) ဦးခင်မောင်လေး(ခ) တန်ကန်ရန်တို့မှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၈/ဘီ-၁)နေ ဦးကျော်မင်းသန်း(ခ) ကျော်အောင် [၁၂/ဒဂန(နိုင်)၀၂၀၈၀၂](ဘ) ဦးခင်မောင်သန်းသို့ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈-၅-၂၀၁၅)ရက်နေ့တွင် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၃၇/၂၀၁၅)အား ဆက်လက်သုံးစွဲရန်မလိုအပ်တော့သည့်အတွက် ယနေ့မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဖြူဝင်း[၁၂/ရကန(နိုင်)၀၆၅၇၂၉]**
**ဦးစိုးသန်း [၁၂/ရကန(နိုင်)၀၄၈၄၆၁]**
**ဖုန်း-၀၉-၄၂၀၂၀၃၉၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်ခွင့်ပြုငွေ)အတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနရှိ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း (၅၀)ကျောင်းတွင် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၆-၁၁-၂၀၂၂)ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို (၁၆-၁၂-၂၀၂၂)ရက်နေ့၊ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာနဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များကို သိရှိလိုပါက ဖုန်းနံပါတ်- ၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ ဗိုလ်တေဇပတ်လမ်း၊ အမှတ်(၉၀၉/က)၊ ပေ(၂၀x၆၀)မြေကွက်နှင့် မြေပေါ်ရှိ အိမ်တို့ကို မြေချပါမစ်အမည်ပေါက် ဒေါ်ကြူးရင်ထံမှ ဝယ်ယူထားသူ ဦးမျိုးမင်းဦး [၁၂/အစန(နိုင်)၁၇၀၂၅၆]ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးထိုက်ထိုက်အောင် [၈/ခမန(နိုင်)၁၇၃၄၉၂]**

**ဖုန်း-၀၉-၅၁၅၆၅၂၂၊ ၀၉-၈၈၅၁၅၆၅၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၁ ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်(မြကန်သာအိမ်ရာ)၊ အကျယ်အဝန်း(၄၉၁၄)စတုရန်းပေ(၀.၁၁၃)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ်) ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကံ့ကော်(၅)လမ်း၊ မြကန်သာအိမ်ရာ၊ အမှတ် -(R/၄၁) ဟုခေါ်တွင်သည့် ရေမီးစုံလင်စွာပါရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်တင်ကြည်(၁၂/တမန(နိုင်)၀၈၄၈၄၇)၊ ဒေါ်စန်းစန်းမြင့် (၁၂/တမန(နိုင်)၀၂၉၃၂၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မေမြတ်ချိန်**
LL.B,D.B.L
(စဉ်-၁၁၃၁၁)

**အထက်တန်းရှေ့နေများ**
**ဒေါ်ဝတ်ရည်ငွေး**
LL.B,LL.M
(စဉ်-၃၆၉၁၇)

**ဦးရဲသီဟ**
LL.B
(စဉ်-၃၁၅၉၇)

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 01 - 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01 - 552742, 01- 559320, 01-8603230, 01-8603231
Email - soesanrealestate@gmail.com

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပယင်းလမ်း၊ တိုက်အမှတ်(၁၀/မြေညီထပ်)တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် **“အောင်မြန်မာ၊ ဥပဒေနှင့်အထွေထွေဝန်ဆောင်မှုလုပ်ငန်း”** ကို ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ တိုက်အမှတ် (၁၉/၄လွှာ)နေ ဦးသိန်းသန်း၏ သားဖြစ်သူ ဦးဖြိုးဝင်းကျော် [၁၀/ မလမ(နိုင်)၁၉၀၉၁၄]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ၎င်း၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီးကာ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၆-၁၀-၂၀၂၂)ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၆၃၇၇/၂၀၂၂) ဖြင့် မှတ်ပုံတင်သွင်းပြီး သုံးစွဲလျက်ရှိပါသည်-

“အောင်မြန်မာ”
ဥပဒေနှင့်အထွေထွေဝန်ဆောင်မှုလုပ်ငန်း

ထိုအမှတ်တံဆိပ်ဖြင့် **“ရှေ့နေရှေ့ရပ်ဆိုင်ရာလုပ်ငန်းများ၊ အိမ်ခြံမြေ၊ ကွန်ဒို၊ တိုက်ခန်းများနှင့်ပတ်သက်၍ ဝန်ဆောင်မှု လုပ်ငန်းများ အပါအဝင် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသော ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး”**တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကိုဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်သုံးစွဲခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးဝင်းကျော်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမြင့်( H.G.P, LL.B)**
**(စဉ်- ၃၈၄၉)**

**ဒေါ်မျိုးမြင့်မြင့်မြတ်(LL.B)**
**(စဉ်-၈၉၈၈)**

**ဒေါ်ကေသီဖြိုးကျော်(LL.B, D.B.L, D.M.L) (စဉ်-၁၃၁၇၈)**

**ဒေါ်အေးမွန်အောင်(LL.B, LL.M)**
**(စဉ်-၁၅၃၇၂)**

**ဒေါ်နှင်းယုဝင်း(LL.B)**
**(စဉ်-၁၇၈၄၂)**

**တရားလွှတ်တော်ရှေ့နေများ**
**အောင်မြန်မာ- ဥပဒေနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ် (၁၀/မြေညီထပ်)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၀၀၁၄၅၅၊**
**၀၉-၇၉၉၉၁၁၁၆၄၊ ၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၇၈၇၁၇၇၇၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း(၇)လမ်း၊ အမှတ်-၁၅ဟုခေါ်တွင်သည့် အကွက်အမှတ်(၁၅)၊ ထန်းပင်ကုန်းတောင်ကွက်၊ ဦးပိုင်အမှတ် (၁၂/ဃ)၊ သန်လျင်မြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးသိန်းလှိုင်အမည်ဖြင့် (၃)ခ ရရှိပြီး မြေကွက်၊ ဧရိယာ(၀.၆၁၅) ဧကအတွင်းမှ ဧရိယာမြေ(၀.၂၃၀)ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ (၂)ထပ် အိမ်တစ်လုံးနှင့် ယင်းအိမ်တွင်ရှိကြသော ပစ္စည်းများကို မူလမှတ်ပုံတင် ဆက်စပ်စာချုပ်များဖြင့် သန်လျင်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၁၂၉/၂၀၂၁ ဖြင့် ဝယ်ယူခဲ့သော ဦးနေမျိုးမင်း (ခ) ဦးကျော်စွာမိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးနေမျိုးမင်း(ခ) ဦးကျော်စွာမိုး၏ သန်လျင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၃/၂၀၂၂ဟု မှတ်ပုံတင်ထားသည့် အထူးကိုယ်စားလှယ်စာရသူ ဦးမောင်မောင်ဆွေ[၁၂/အစန(နိုင်)၀၉၉၈၂၇]၊ အမှတ်(၁၁၁၆/၈၁)၊ သမာဓိလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေသူမှ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီးဖြစ်ပါ၍ အရောင်းအဝယ်စာချုပ်ကြီး ချုပ်ဆိုရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉) (၂-၉-၁၉၈၅)**
**၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။**
**09-49574202,09-429574202**

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကို စိုး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၀

| | | | |
|---|---|---|---|
| Myanmar Liquified petroleum Gas Group Co.,Ltd(၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးအောင်ကြည်စိုးနှင့်) | နှင့် | Parimi Energy Service Co.,Ltd (၎င်း၏ ဒါရိုက်တာ ဦးပြည့်ဝထွန်း) | |
| **တရားလိုများ** | | **တရားပြိုင်များ** | |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မြသိင်္ဂါလမ်း၊ အမှတ်(၇၉၄/ဘီ)၊ ပြည်ထောင်စုလမ်း၊ တောင်ဒဂုံပန်းခြံ အနောက်ဘက်၊ တောင်ဒဂုံစက်မှုဇုန်ဝင်းနေ တရားပြိုင် Parimi Energy Service Co.,Ltd (၎င်း၏ ဒါရိုက်တာ ဦးပြည့်ဝထွန်း) (ယခုနေရပ်လိပ်စာမသိ)**စေရမည်။

သင့်အပေါ်၌ **တရားလိုက (ရေနံဓာတ်ငွေ့ရည်ဖိုးကျန်ငွေကျပ် ၂၈၅၃၁၄၄၁၀.၇ ရလိုမှု)** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်(၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်)**နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအသုတ်အနေဖြင့် ဆန်တန်ချိန် ၁၀၅၆၅ တန် တင်ပို့နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G သဘောတူညီမှုအရ ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရန် ဆောင်ရွက်လျက်ရှိရာ အချို့သောဆန်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှစတင်၍ နိုဝင်ဘာ ၂၂ ရက်အထိ ဆန်တန်ချိန် ၁၀၅၆၅ တန်ကို ပထမအသုတ်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❂



## ယနေ့ ဖတ်စရာ

ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၀၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ
စာမျက်နှာ » ၁၂

PDF အမည်ခံ အကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားနှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်၊ နေအိမ်အား မိုင်းခွဲဖျက်ဆီး
စာမျက်နှာ » ၁၅

နှလုံးသားမှာ မေတ္တာတရား ပေါင်းထည့်ပါ
စာမျက်နှာ » ၂၁

ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အထူးဦးစားပေး အကောင်အထည်ဖော်
စာမျက်နှာ » ၂၂

## အမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးနေ့ ယနေ့ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၇ ရက်တွင် တစ်ရက်တည်းကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်းမှာလည်း နောက်ဆုံးပွဲပြီးမှ အဖြေထွက်ပေါ်မည်ဖြစ်သည်။

ပွဲစဉ်(၁၄)အဖြစ် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ အား/ကာ သိပ္ပံအသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ Young Lionesses အသင်းနှင့် YREO အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ အား/ကာဦးစီးဌာနအသင်းနှင့် တနင်္သာရီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၁၃)အပြီးတွင် သစ္စာအားမာန်အသင်းက ပွဲကုန် ၁၂ ပွဲကစားပြီး ၃၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၈ မှတ်၊ မြဝတီအသင်းက ၁၁ ပွဲကစား ၂၆ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ၁၁ ပွဲကစား ၁၅ မှတ်၊ Young Lionesses အသင်းက ၁၁ ပွဲကစား ကိုးမှတ်၊

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

## ဩစတြေးလျအသင်းက တူနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(D) ပွဲစဉ်(၂)အဖြစ် နိုဝင်ဘာ ၂၆ ရက်ည အစောပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ တူနီးရှားအသင်းနဲ့ ဩစတြေးလျအသင်းတို့ပွဲစဉ်မှာ ဩစတြေးလျအသင်းက တူနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဩစတြေးလျအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၃ မိနစ်မှာရရှိခဲ့တဲ့ တိုက်စစ်မှူး မစ်ချဲလ်ဒူကီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖

